မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ယှဉ်ပြိုင်တင်ဆက်မှု

ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့်ဇနီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ သားကောင်းရတနာ ပြဇာတ်ပြိုင်ပွဲ တတိယနေ့ ဒုတိယပွဲစဉ်ကို ယမန်နေ့ည ၉ နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဥ္စကျင်းပရာ မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်ဇနီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဇဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးကြသောပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၆ ■

မြန်မာ့အလင်း
သတင်းဆောင်းပါးအညွှန်း

မောင်မောင်မြင့်ဆွေ၏ အဆို၊ အက၊ အရေး၊ အတီး ယှဉ်ပြိုင်ပွဲ အကဲဖြတ်သူတို့ ဖွင့်ဟသံ သတင်းဆောင်းပါးကို စာမျက်နှာ ၉ တွင် ဖတ်ရှုနိုင်ပါသည်။

နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ ကန်သုံးဆင့်ရေတံခွန်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

နေပြည်တော်စည်ပင်သာယာရေးကော်မတီက အသစ်ထပ်မံတည်ဆောက်ပြီးစီးသွားသော နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ ကန်သုံးဆင့်ရေတံခွန်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယင်းနေရာ၌ ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန်ဗိုလ်မှူးကြီးသိန်းညွန့်၊ အထူးဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကြီးကြပ်မှုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

စိုက်ပျိုးမြေဧက ၅၀၀ ကို ဆည်ရေပေးဝေနိုင်ပြီး သောက်သုံးရေပါ ဖြည့်ဆည်းပေးမည့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ညိုမီးကျေးရွာက ဘုရားကုန်းရေလှောင်တမံ

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ညိုမီးကျေးရွာအနီး တည်ဆောက်ထားသည့် ဘုရားကုန်းရေလှောင်တမံနှင့် သဘာဝပတ်ဝန်းကျင်တို့၏ မြင်ကွင်းအလှကို အောက်တိုဘာ ၂၀ ရက်က ဤသို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၁

အောက်တိုဘာ ၁၈ ရက် ညနေတွင် ရန်ကုန်မြို့ အဝေးပြေးကားဂိတ်မှ စီးနင်းလိုက်ပါခဲ့သော မြန်မာ့အလင်းသတင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၅နာရီတွင် တောင်ကြီးမြို့ ရှမ်းမလေးကားဂိတ်သို့ ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

သတင်းမြင်ကွင်း - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၂ရက်)

မြန်မာ့တိုင်းရင်းဆေး နိုင်ငံတကာသို့ ပြန့်ပွားရေးကြိုးပမ်း တိုင်းရင်းသားပြည်သူများ၏ကျန်းမာရေး ပြုစုစောင့်ရှောက်ပေး

နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် အမျိုးသားကျန်းမာရေးဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ခေတ်မီဆေးဝါးသာမက မြန်မာ့တိုင်းရင်းဆေးပညာလည်း အပါအဝင်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ဆေးကျမ်းအဖုံဖုံ၊ ကုထုံးအသွယ်သွယ်ဖြင့် အာနိသင်ထက်မြက်ပြည့်ဝသည့် ဆေးဝါးများဖြစ်သည်။ မြန်မာ့ရေမြေသဘာဝမှပေးအပ်သော မြန်မာ့တိုင်းရင်းဆေးပင်များ၊ ရေထွက်၊ မြေထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများနှင့် မြန်မာ့ဥတုရာသီတို့ကို အခြေပြုလျက် အစွမ်းထက်သည့် ဆေးပညာရပ်အဖြစ် ဆင့်ပွားဖြစ်ထွန်းလာခဲ့သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများသည် မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာရပ်များကို ပြန်လည်ဖော်ထုတ်လျက် နိုင်ငံတကာသို့ ပြန့်ပွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများအပေါ် ပြည်သူများ၏ယုံကြည်ကိုးစားမှု တစ်နေ့တခြား တိုးပွားလာလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ကျယ်ဝန်းနက်ရှိုင်း သိမ်မွေ့နက်နဲသော ပညာရပ်ဖြစ်သည်နှင့်အညီ ရရှိဖြစ်ထွန်းပြီး အဆင့်အတန်းနှင့် အရည်အသွေးကို ပိုမိုမြင့်မားစေရန် တိုင်းရင်းဆေးသမားတော်များအားလုံးက ပေါင်းစည်းညီညွတ်စွာဖြင့် တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာများ၊ တိုင်းရင်းဆေးဝါးများကို ပြန်လည်ဖော်ထုတ် မြှင့်တင်ပေးကြရမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးဝါးများကို သုံးစွဲလာရာတွင် ဘိုးဘွားများလက်ထက် ရှေးနှစ်ပေါင်းများစွာကပင် မှီခိုအားထားသုံးစွဲလာခဲ့ရာ ယနေ့တိုင် ဖြစ်သည်။ အနောက်တိုင်းဆေးဝါးဖြင့် ကုသ၍မပျောက်ကင်းသေးသည့် ရောဂါများကို တိုင်းရင်းဆေးဝါးဖြင့် ကုထုံးသစ်များ ဖော်ထုတ်ကုသနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်ပေရာ မြန်မာ့တိုင်းရင်းဆေးပညာသည် ပင်ကိုသဘာဝအားဖြင့် အစွမ်းထက်သော အမျိုးသားဂုဏ်ဒြပ် ဆေးပညာရပ်တစ်ခုဖြစ်၍ ခေတ်မီနည်းပညာများဖြင့် စံချိန်စံညွှန်းများ ဖော်ထုတ်မြှင့်တင်လျက် ပြီးပြည့်စုံသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်တစ်ခု ဖြစ်ထွန်းလာပြီး နိုင်ငံတကာသို့တိုင် သတင်းမွှေး ပျံ့နှံ့လာစေရေးအတွက် တိုင်းရင်းဆေးပညာရှင်အပေါင်းက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)

(၂၃-၁၀-၂၀၀၉)

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် ဓဇဂ္ဂသုတ် ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (ခွင့်လွှတ်တယ်)
၈း၃၅ တေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။

၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း (တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံ)
၁၂း၃၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (စားဝတ်နေမှုနှင့်မြန်မာစကား)
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။

၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွှေသီတေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (အဖြူရောင်လေးကိုဆေးမဆိုးနဲ့)
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (မေခလာ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (လူငယ်နှင့် ရဲရင့်စိတ်ဓာတ်) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

မြဝတီ ရုပ်မြင်သံကြား

၂၂-၁၀-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၃၀ ၇။ မွေးမြူသုတ
၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်
၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **မော်ဆရာနှင့် ပင်လယ် နတ်သမီး** (အပိုင်း-၁၆)
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှူခင်းရဲ** (အပိုင်း-၂)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ အနုပညာရှင်၏ တစ်နေ့တာ
၁၉။ ရှေးဟောင်းသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ Champions League of Boxing, Super Six Middleweight Classic -Arthur Abraham Vs Jermain Taylor

မြိတ်မြို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြည့်ဆည်းပေး

ရန်ကုန် အောက်တိုဘာ ၂၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် အောက်တိုဘာ ၁၇ရက်က တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပသည့် အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ တိုင်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲသို့ တက်ရောက်အားပေးသည်။

ဒေသဖွံ့ဖြိုးရေး

ဝန်ကြီးသည် အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းက မြိတ်မြို့ ကမ်းနားလမ်းရှိ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တနင်္သာရီတိုင်း အတွင်းရှိ ဌာနဆိုင်ရာများ၊ ကမ်းနီး၊ကမ်းဝေး ရေလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံ ကုမ္ပဏီလုပ်ငန်းရှင်များအားလည်းကောင်း **(အပေါ်ပုံ)**၊ မွန်းလွဲပိုင်းတွင် မြိတ်ခရိုင် အင်္ဂမော်စံပြကျေးရွာ၌ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအားလည်းကောင်း၊ မြိတ်မြို့ ကျွဲကူးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ စန္ဒဝတ်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ ပြည်သူများအားလည်းကောင်း တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းဝင်း တို့ အဖွဲ့ပိုင် မြသီတာပန်းခြံ သာယာလှပရေးအတွက် အောက်တိုဘာ ၈ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အောက်တိုဘာ ၁၅ရက်က ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်လူပ်ရှားမှု နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ပန်းဘဲတန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသန်းက အခက်အခဲနှင့် အောင်မြင်မှုခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မွေး/ကုတက္ကသိုလ် ကျောင်းသား ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲနှင့် ပုလဲရတုမိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

၁၉၇၃-၁၉၇၉ခုနှစ် မွေး/ကုတက္ကသိုလ်(ရန်ကုန်)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် ဘွဲ့ရ နှစ်(၃၀)ပြည့် ပုလဲရတု မိတ်ဆုံစားပွဲကို M-3 Food Centre တွင် အောက်တိုဘာ၂၅ရက် နံနက်၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနိူးဆော်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

■ ရှေ့ဖုံးမှ

ယှဉ်ပြိုင်တင်ဆက်

မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီမံအုပ်ချုပ်သူ ဦးခင်မောင်သန်း၊ ဇာတ်ညွှန်းစာရေးဆရာ၊ ဒါရိုက်တာနှင့် စန္ဒရားစိန်ငွေးဝင်း၊ ဇော်မင်းဦး(မကွေး) ဆိုင်းအဖွဲ့တို့နှင့်တွဲဖက်၍ ခေါင်းဆောင်မင်းသား အောင်ကိုကိုမင်း၊ ခေါင်းဆောင်မင်းသမီး နှင်းနုဝေနှင့် ဇာတ်ပို့ ဇာတ်ရံသရုပ်ဆောင်များက လမ်းမှားသို့ လျှောက်သွားသောလူငယ်တစ်ဦးက နိုင်ငံတော်၏ စေတနာကို အမြင်မှန်သိရှိပြီး သားကောင်းရတနာတစ်ယောက်အဖြစ် ကြိုးစားရပ်တည်သွားသည်ကို အခြေခံ၍ ဇာတ်လမ်း၊ ဇာတ်ကွက်များဖြင့် အနုပညာရသ ပြောင်မြောက်စွာ ယှဉ်ပြိုင်တင်ဆက်သွားသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေတို့ မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့၏ 'သားကောင်းရတနာ' ပြဇာတ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မင်္ဂလာအချိန်တွင် အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး ကံချွန်၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင် ဦးမျိုးအောင်နှင့် IGE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌဦးနေအောင်တို့က ကန်သုံးဆင့်ရေတံခွန်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ကန်သုံးဆင့် ရေတံခွန်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကာ တာဝန်ရှိသူများနှင့်အတူ ကန်သုံးဆင့်ရေတံခွန်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဖန်တီးထား

အဆိုပါ ကန်သုံးဆင့်ရေတံခွန်သည် အလျားပေ ၁၇၀၊ အမြင့် ၂၂ ပေရှိပြီး ရေတံခွန်အောက်ခြေတွင် ၁၂ပေအကျယ်ရှိ ရေအောက်လျှောက်လမ်းတစ်ခုပါရှိသည်။ ရေတံခွန်မှကျလာသောရေများကို အလျား ၁၈၄ပေ၊ အနံ ၉၄ပေရှိ ရေကန်သုံးကန်ဖြင့် အဆင့်ဆင့် စီးဆင်းစေရန်ပြုလုပ်ထားပြီး ရေကန်တစ်ခုနှင့်တစ်ခုအကြားတွင် သုံးပေအကျယ်ရှိကျောက်သားလူလျှောက်လမ်းများ ပါရှိသည်။ အလယ်ရေကန်တွင် ကလေးများကစားနိုင်ရန် ဘက်စကတ်ဘောဘုတ်များ ထည့်သွင်းထားပြီး ကန်သုံးဆင့်ရေကန်ပတ်လည်တွင် အပန်းဖြေအနားယူနိုင်ရန် ထိုင်ခုံများ၊ မြက်ခင်းပြင်များကို စီစဉ်ဖန်တီးထားသည်။

အလှဆင်တည်ဆောက်

ယခုအခါ နေပြည်တော်ရေပန်းဥယျာဉ်ပင်မအတွင်းတွင် ရေတံခွန်လိုဏ်ဂူ၊ ကန်သုံးဆင့် ရေတံခွန်၊ အကျယ်ခြောက်ဧကရှိ ပင်မရေကန်ကြီးတစ်ကန်၊ ရေပန်းကြီးသုံးခုနှင့် ပင်ဂွင်ငှက်ငါးကောင်ပါ ကျွန်းတစ်ကျွန်း၊ ရေပန်းအလှမျိုးစုံ ၁၅ ခု ပါဝင်သော ရေပန်းကန်ငယ် ၁၂ခု၊ လေးဖက်မြင်သံစုံမြည်နန်းမြင့်နာရီစင်တစ်ခု၊ မိသားစုများ အနားယူ အပန်းဖြေနားနေဆောင်၊ ရှုရပ်ပန်းဥယျာဉ်ငယ်နှစ်ခုနှင့် ကျောက်တုံးဥယျာဉ်တစ်ခုတို့ပါရှိပြီး နေပြည်တော်ရေပန်းဥယျာဉ်တိုးချဲ့အတွင်း၌ (၈ ဒသမ ၂၆)ဧကရှိ ပင်မရေကန်တစ်ကန်၊ လင်းပိုင်ငါးကောင်ပါ ရေပန်းကန်တစ်ကန်၊ ရေပန်းအလှမျိုးစုံငါးခုပါ ရေပန်းကန် ငါးကန်၊ ခေတ်မီကလေးကစားကွင်း၊ ရေကမ္ဘာလုံး၊ Musical Water Dancing ၊ Water Movies နှင့် မြေနန်းပြာသာဒ်ဆောင်များ ပါရှိကာ ရေပန်းဥယျာဉ်ကြီးအတွင်း အလျားပေ ၁၈၀၊ အကျယ်ငါးပေရှိ သံမဏိကြိုးတံတား၊ ကွန်ကရစ်လမ်းများ၊ Buggy လမ်းများ၊ ယာဉ်ရပ်နားရန် နေရာများ၊ နားနေဆောင်များနှင့် ပန်းအလှပင်များဖြင့် ခေတ်မီစွာ အလှဆင်တည်ဆောက်ထားသည်။

တိုးချဲ့ဖွင့်လှစ်

ယခုဖွင့်လှစ်သည့် ကန်သုံးဆင့် ရေတံခွန်သည် ရေတံခွန်လိုဏ်ဂူအနီးတွင် တည်ရှိပြီး နေ့စဉ် ညနေ၅နာရီခွဲမှ ည၈နာရီအထိနှင့် စနေ၊ တနင်္ဂနွေ နေ့များတွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အချိန်ပို တိုးချဲ့ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၀-၂၀၀၉ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ အကပဒေသာ
၈:၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၈။ အဲ့ဒီမှာစတွေ့တာပဲ
၈:၃၀ ၉။ အဆိုပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Connect with English (Episode-22) (Guitar Lessons)

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၅ ၃။ အတီးပြိုင်ပွဲ
၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၄:၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၆။ Myanmar Smiles (Episode-4) (Hands of Buddhists that Carry on the tradition of 1000 years)
၅:၅၀ ၇။ တေးဂီတအစီအစဉ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၁၅ ၉။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၀။ ပျော်ရွှင်စေသောနေ့ရက်များ **ဈေးဝယ်နည်း** (ဇာတ်သိမ်းပိုင်း) ညီထက်၊ သူရလင်း၊ ယမင်းမြင့်သိန်း၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၀ ၁၁။ တောင်ပိုင်းရှမ်းမှ သုတဘဏ်တိုက် တောင်ကြီး ကိုယ်ပွားသတင်းစာတိုက်
၆:၃၅ ၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၆၇)
၁၉။ လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၅)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (တတိယတွဲ) (အပိုင်း-၁၆)
၂၁။ အစီအစဉ်ပြီး၏။

နေပြည်တော် ရေပန်းဥယျာဉ်အတွင်းရှိ ကန်သုံးဆင့်ရေတံခွန် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

အမှတ် ၂၈ (ဘီ) အင်းလျားမြိုင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဦးကျော်မင်း-ဒေါ်သီသီလွင်၊ သား မောင်ထက်ဦး၊ သမီး မစမ်းမြသီတာမင်း (ရွှေပြည်နန်း ကုမ္ပဏီ) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ အာထရာဆောင်းစက် ဝယ်ယူရန် အလှူငွေကျပ် ၁၁၈၄၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ထွန်းဖောင်ဒေးရှင်းဘဏ်၏ ပညာပေးအစီအစဉ်အဖြစ် (Global Warming & World Climate Change)"ကမ္ဘာကြီးပူနွေးလာနေမှုနှင့် ကမ္ဘာ့ရာသီဥတုထူးကဲစွာ ပြောင်းလဲဖြစ်ပေါ်လာမှု အခြေအနေ"ကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းရှိ မြန်မာနိုင်ငံဘဏ်များအသင်းအဆောက်အအုံ၌ အငြိမ်းစား သံအမတ်ကြီး ဦးလှမောင်(ဘောဂဗေဒ)က ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက်ကျန်းမာရေး

မှန်မှန်စားသင့်သည့် ဆေးဖက်ဝင်ကြက်သွန်ဖြူ

ကြက်သွန်ဖြူကို ကုထုံးဆေးပညာအသုံးဝင်မှု များပြားသည့် ဟင်းခတ် အမွေးအကြိုင်အဖြစ် အမွှမ်းတင်ရေးသားထားကြသည်ကို တွေ့ရှိရသည်။ ကြက်သွန်ဖြူတွင် ဆာလ်ဖာပါဝင်သည့် ဓာတ်ပေါင်းများ များစွာပါဝင်သည်။

ကြက်သွန်ဖြူ စားသုံးခြင်းဖြင့် ကျန်းမာရေးအထောက်အကူဖြစ်စေသည့် ကောင်းကျိုး များစွာရရှိသည်။ မင်္ဂနီးစ်နှင့် ဆီလီနီယမ် သတ္တုဓာတ်များစွာပါဝင်ပြီး ကြက်သွန်ဖြူ တွင် ဗီတာမင်ဘီ-၆နှင့် ဗီတာမင်စီများစွာ ပါဝင်သည်။

ကြက်သွန်ဖြူမှန်မှန်စားခြင်းဖြင့် သွေးပေါင်တိုးခြင်းနှင့် ကိုလက်စထရောများပြားမှုကို လျှော့ချခြင်းတွင် အထူးထိရောက်သည်။ သွေး၌ အဆီဓာတ်လွန်ကဲသဖြင့် သွေးကြောကျဉ်းခြင်း၊ ဆီးချို သွေးချို ရောဂါကြောင့် နှလုံးရောဂါဖြစ်ခြင်းတို့ကို ကာကွယ်ရန်နှင့်တကွ နှလုံးမှ သွေးမရရှိ၍ နှလုံးကြွက်သားများ သေဆုံးပျက်စီးခြင်း၊ သို့မဟုတ် လေဖြတ်ခြင်းအန္တရာယ်ကို လျှော့ပါးစေရန်အတွက် ကြက်သွန်ဖြူစားသင့်ကြောင်း သုတေသီများက အကြံပြုထားသည်။ ။

အီရတ်-အာဖဂန်နစ္စတန် သတင်းများ

ပြည်ပအင်အားကြီးနိုင်ငံများ မူဝါဒမှားယွင်းမှု အာဖဂန်ပြည်သူ အများအပြား သေဆုံးနေကြရ

ဝါရှင်တန် အောက်တိုဘာ ၂၁

ဘုရှ်အစိုးရလက်ထက်က အောင်မြင်အောင်မတိုက်ခိုက်နိုင်ခဲ့သော အာဖဂန်နစ္စတန်စစ်ပွဲကို အောင်မြင်အောင်တိုက်ခိုက်သွားရန် အမေရိကန်အစိုးရက စီစဉ်ဆောင်ရွက်နေရပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏အကြံပေးအရာရှိ အိမ်ဖြူတော်ဝန်ထမ်းအကြီးအကဲ အီမန်နျူယယ်က အောက်တိုဘာ ၁၈ရက်တွင် ပြောကြားလိုက်သည်။

မဖြေရှင်း

အမေရိကန်သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်သည် အာဖဂန်နစ္စတန်စစ်ပွဲနှင့်ပတ်သက်သည့် အဓိကပြဿနာရပ်များကို မဖြေရှင်းနိုင်ခဲ့ကြောင်း အီမန်နျူယယ်က ပြောကြားသည်။ အာဖဂန်ပြည်သူများ လိုလားတောင့်တနေသည့်အခြေအနေကို ဖြည့်စွက်ဖြေရှင်းပေးနိုင်ရန် အရေးကြီးကြောင်းလည်း ၄င်းက ပြောကြားသည်။

လိုအပ်

အာဖဂန်နစ္စတန်စစ်ပွဲသည် ရှစ်နှစ်ကြာခဲ့ပြီဖြစ်ကြောင်း၊ ယင်းစစ်ပွဲကို ဆက်လက်တိုက်ခိုက်နေဆဲဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်စစ်ပွဲသည် အဆုံးမသတ်နိုင်ဘဲရှိနေကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံအတွက် စစ်မှန်သည့် လုပ်ဖော်ကိုင်ဖက်မိတ်ဆွေရရှိရန် အရေးတကြီးလိုအပ်နေကြောင်းလည်း အီမန်နျူယယ်က ပြောကြားသည်။

၂၀၀၁ခုနှစ်ကစတင်၍ ဖြစ်ပွားခဲ့သည့် အာဖဂန်ပြည်တွင်းရေးသည် ယခုအခါ အကြမ်းဖက်တိုက်ခိုက်မှုများ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာနေသည်ကို တွေ့ရှိရသည်။

မှားယွင်း

ယခုနှစ်အစပိုင်းမှစ၍ ယခုအချိန်အထိ အာဖဂန်ပြည်သူ ၁၅၀၀ခန့် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀ ကျဆုံးခဲ့သည်။

ယင်းကဲ့သို့ အသက်ဆုံးရှုံးကြရခြင်းမှာ အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်ပအင်အားကြီးနိုင်ငံတို့၏ မှားယွင်းသော မူဝါဒကြောင့်ဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသည့် အဆောက်အအုံကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ ပြည်တွင်းရေး မတည်မငြိမ်မှုများဖြစ်ပွား ပြည်သူများ လူမှုဒုက္ခမျိုးစုံ ကြုံတွေ့နေရ

ဘာဆာရာ အောက်တိုဘာ ၂၁

အီရတ်နိုင်ငံအနှံ့အပြား၌ ဖြစ်ပွားလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြည်တွင်းရေးမငြိမ်သက်မှုများကြောင့် ၄င်းနိုင်ငံရှိ ပြည်သူများ လူမှုဒုက္ခမျိုးစုံ ကြုံတွေ့ခံစားရသည်။

ပြောကြား

အီရတ်နိုင်ငံရှိ ဘာဆာရာမြို့တစ်မြို့တည်း၌ပင် စားသုံးကုန်ဝယ်လိုအား ကျဆင်းလျက်ရှိပြီး ကုန်စည်များပေါကြွယ်ဝမှုနှင့် ကုန်စျေးနှုန်းကြီးမြင့်မှုမရှိသော်လည်း ယခုနှစ်နွေရာသီအတွင်း စားသုံးကုန်ဝယ်လိုအား အနိမ့်ဆုံးအဆင့်သို့ရောက်ရှိကြောင်း အဆွတ်အယ်လ်-အီရတ် သတင်းဌာနက ပြောကြားသည်။

မတည်ငြိမ်

အီရတ်နိုင်ငံသို့ အဓိက စားသုံးကုန်တင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ တူရကီနှင့်ဆီးရီးယားနိုင်ငံတို့မှ ဖြစ်သည်။ အီရတ်နိုင်ငံ၌ စားသုံးကုန်ဝယ်လိုအား ကျဆင်းမှုသည် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့်မဟုတ်ဘဲ ပြည်တွင်းရေးမတည်ငြိမ်မှုများကြောင့် ဖြစ်ကြောင်း ဘာဆာရာမြို့တက္ကသိုလ်ရှိ စီးပွားရေးပညာရှင်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်၌ အသေခံတိုက်ခိုက်မှု ၁၃ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်မိုင် ၂၆၀အကွာ ဆီးရီးယားနိုင်ငံ နယ်စပ်အနီးရှိ ဘာသာရေးအဆောက်အအုံတစ်ခုအတွင်း၌ သေနတ်သမားတစ်ဦး ပစ်ခတ်တိုက်ခိုက်သဖြင့် ၁၃ဦး သေဆုံးပြီး သေနတ်သမားမှာလည်း သူ့ကိုယ်သူ အဆုံးစီရင်သွားကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ပစ်မှတ်ထား

အဆိုပါပစ်ခတ်မှုသည် အယ်လ်ခိုင်ဒါဆန့်ကျင်ရေးကိုထောက်ခံသူ တရားဟောဆရာ အဗ္ဗဒူဆာတာဟူစိန်ကို ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

တိုက်ခိုက်

အခင်းမဖြစ်မီက သေနတ်သမားလေးဦးပါဝင်သည့် ကားတစ်စီးကို စစ်ဆေးရေး ဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်တားဆီးစဉ် သေနတ်သမားသုံးဦးထွက်ပြေးသွားပြီး ကျန်တစ်ဦးမှာ အဆိုပါ ဘာသာရေးအဆောက်အအုံအတွင်းသို့ ပြေးဝင်ကာ အေကေ -၄၇သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း အဇာမီယာဒေသရှိ စားသောက်ဆိုင်အနီး၌ ဆိုင်ကယ်ဗုံးဖောက်ခွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီရတ်မြောက်ပိုင်း အသေခံကားဗုံးခွဲမှု မြို့ဝင်တံတားကြီး ပျက်စီးခဲ့ရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း အန်ဘာပြည်နယ် ရာမာဒီမြို့၏ အဝေးပြေးလမ်းမရှိ အဓိက မြို့အဝင် စစ်ဆေးရေးဂိတ်အနီးတံတား၌ ထရပ်ကားတစ်စီးပေါ်မှ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး ၁၃ဦး ပြင်းထန်စွာဒဏ်ရာရရှိကြောင်း အောက်တိုဘာ ၁၉ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီး

ယင်းဒေသသည် ဆီးရီးယားနှင့်ဂျော်ဒန်နိုင်ငံတို့၏ နယ်စပ်ဒေသဖြစ်ပြီး အဆိုပါဖောက်ခွဲတိုက်ခိုက်မှုကြောင့် ၄င်းဒေသရှိ အရေးပါသည့်တံတားကြီး ပျက်စီးသွားခဲ့ရာ အဝေးပြေးလမ်းမကြီးကိုလည်း ပိတ်ထားခဲ့ရကြောင်း ထပ်လောင်းပြောကြားသည်။

အန်ဘာပြည်နယ်၌ ပြီးခဲ့သည့်ရက်သတ္တပတ်က ဖြစ်ပွားခဲ့သည့်ဗုံးပေါက်ကွဲမှု၌ အရပ်သား ၁၉ဦးသေဆုံးပြီး ၈၁ဦးဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ဩစတြေးလျားတပ်ဖွဲ့ဝင်များ အာဖဂန်သို့ထပ်မံစေလွှတ်မည်မဟုတ်

ဗီယင်နာ အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ ဩစတြေးလျားတပ်ဖွဲ့ဝင်များအား ထပ်မံစေလွှတ်မည်မဟုတ်ကြောင်း ဩစတြေးလျားကာကွယ်ရေးဝန်ကြီး ဒါလာဘိုစီက အောက်တိုဘာ ၂၀ရက်တွင် ပြောကြားလိုက်သည်။

အာဖဂန်သို့ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်မည်မဟုတ်သည်ကို မိမိအနေဖြင့် ရှင်းလင်းပြတ်သားစွာ ပြောနိုင်ကြောင်း ဒါလာဘိုစီက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုအချိန်တွင် အာဖဂန်နစ္စတန်ရှိ နေတိုးတပ်များလက်အောက်တွင် ဩစတြေးယားအရာရှိနှစ်ဦးသာ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများတွင် ဩစတြေးယားတပ်ဖွဲ့ဝင် ၁၁၀၀ကျော်မှာ အမျိုးမျိုးသော ငြိမ်းချမ်းရေးလုပ်ငန်းများ၌ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ၄င်းက ထပ်လောင်း ပြောကြားသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ကားဗုံးပေါက်ကွဲမှုကြောင့် ပြင်းထန်စွာဒဏ်ရာရရှိသွားသည့် အရပ်သားတစ်ဦး ဆေးကုသမှုခံယူနေသည်ကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်မြောက်ပိုင်း၌ တာလီဘန်များထွက်ပြေး

ကဘူးလ် အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာ့ရှ်လန်ပြည်နယ်၌ တာလီဘန်စစ်သွေးကြွများအားချေမှုန်းရန် အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောအဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေးဆင်နွှဲမှုကြောင့် စစ်သွေးကြွများသည် ခိုအောင်းရာဒေသများမှ စွန့်ခွာထွက်ပြေးခဲ့ရကြောင်း အောက်တိုဘာ ၂၀ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

မော်တော်ယာဉ်ပျက်စီး

အီရတ် နိုင်ငံ ဘဂ္ဂဒက်မြို့၌ လမ်းဘေး ဗုံးပေါက်ကွဲမှုဖြစ်ပွား ပြီးနောက် ပျက်စီး သွားသည့် မော်တော်ယာဉ်အား ဆွဲယူလာ သည်ကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး အောက်တိုဘာ ၂၁ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၀၆၅ရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၀၉၃၉ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၀၆၅ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၀၉၃၉ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့် အချိန်မှစတင်ပြီး အောက်တိုဘာ ၂၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၃၀၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၇၉၆၀ ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၃၀၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၇၉၆၀

(အင်တာနက်)

အင်ဒိုနီးရှားသမ္မတဆူစီလိုဘန်ဘန်း ဒုတိယသက်တမ်းငါးနှစ် ခန့်အပ်

ဂျကာတာ အောက်တိုဘာ ၂၁

အင်ဒိုနီးရှားနိုင်ငံ ပါလီမန်က လက်ရှိ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနိုအား ထပ်မံ ရာထူး အပ်နှင်းလိုက်သည်။ သမ္မတသက်တမ်း ဒုတိယ ငါးနှစ်အတွက် ရွေးကောက်ပွဲ၌ အနိုင်ရပြီးနောက် ယခုကဲ့သို့ ၎င်းအား ပြန်လည် ရာထူးခန့်အပ်ခြင်း ဖြစ်သည်။

ရင်းနီးမြှုပ်နှံ

သမ္မတဆူစီလိုနှင့်အတူ ယှဉ်ပြိုင်အရွေးခံရသည့် စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ ဘိုဒီရိုနိုတို့အား ဒုတိယသမ္မတ ခန့်အပ်ခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကြိုဆိုဂုဏ်ပြုကြသည်။ ယင်းတို့နှစ်ဦးက နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပန်းသီးပွဲတော်

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ရီရှားမြို့၌ကျင်းပသည့် ပထမအကြိမ် ပန်းသီးပွဲတော်တွင် ဟိုတယ်ပေါင်း၂၀မှ ပန်းသီးဖြင့် ပုံဖော်ထားသည့် လက်ရာမျိုးစုံ ၂၀၀ ကျော် ခင်းကျင်းပြသထားသည်ကို အောက်တိုဘာ ၂၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားတိုက်လေယာဉ်များ လစ်ဗျားဝယ်ယူသွားမည်

မော်စကို အောက်တိုဘာ ၂၁

လစ်ဗျားအစိုးရအနေဖြင့် ရုရှားအစိုးရထံမှ အမေရိကန် ဒေါ်လာသန်းတစ်ထောင် တန်ဖိုးရှိသည့် တိုက်လေယာဉ်များနှင့် စစ်ဘက်လေယာဉ်စင်းရေ ၂၀ ကျော် ဝယ်ယူရန် စီစဉ်ထားကြောင်း အောက်တိုဘာ ၂၀ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ထုတ်လွှင့်

အဆိုပါဝယ်ယူရေး သဘောတူညီမှုများကို ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားသည်ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ရုရှား အင်တာဖက်သတင်းဌာနက ထုတ်လွှင့်သည်။

(အင်တာနက်)

တရုတ်နှင့်အစ္စရေး ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရန် တိုက်တွန်း

တဲလ်အဗစ် အောက်တိုဘာ ၂၁

တရုတ်နှင့်အစ္စရေး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကြာရှည်စွာ တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု တိုးမြှင့်ရန် အစ္စရေးသို့ အလည်အပတ်ရောက်ရှိလာသော တရုတ်ပြန်ကြားရေးဝန်ကြီးဝန်ချင်းက အောက်တိုဘာ ၁၉ရက်တွင် တိုက်တွန်းလိုက်သည်။

ပူးပေါင်း

၎င်းနှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်လာပြီး အကျိုးတူပူးပေါင်းဆောင်ရွက်များကြောင့် စိုက်ပျိုးရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနှင့်နည်းပညာ၊ ကုန်သွယ်ရေးနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် တွန်းအားဖြစ်လာကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ***အမ်အင်န်အေ၊ရိုက်တာ***

တရုတ်ရေနံတင်သင်္ဘော ဆိုမာလီဓားပြများ ပြန်ပေးဆွဲ

ပေကျင်း အောက်တိုဘာ ၂၁

သင်္ဘောသား ၂၅ ဦးလိုက်ပါလာသည့် တရုတ်ရေနံတင်သင်္ဘောတစ်စင်းကို အိန္ဒိယသမုဒ္ဒရာအတွင်း၌ ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း အောက်တိုဘာ ၂၀ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါသင်္ဘောပေါ်တွင် လိုက်ပါလာသည့် သင်္ဘောသားအားလုံးသည် တရုတ်လူမျိုးများဖြစ်သည်ဟု ဆိုသည်။

အပိုင်စီးထား

အဆိုပါသင်္ဘောကို ပင်လယ်ဓားပြများအခြေစိုက်ရာ ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့သို့ ခေါ်ဆောင်သွားမည်ဟု ပင်လယ်ဓားပြများက ဆိုသည်။ လက်ရှိအခြေအနေတွင် ပင်လယ်ဓားပြများသည် သင်္ဘောခြောက်စင်းကို အပိုင်စီးထားပြီး ပြန်ပေးဆွဲခံရသော သင်္ဘောစုစုပေါင်း ၁၅၇ စင်းရှိပြီဟု သိရသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

၄၁ဦးသေဆုံးသည့် ဗုံးခွဲတိုက်ခိုက်မှု အဗ္ဗဒူမာလစ်အကြမ်းဖက်အုပ်စု လက်ချက်ဟုဆို

ဆစ္စတန် ဘာလူချက်စတန်ပြည်နယ်၌ အစ္စလာမ်တော်လှန်ရေး အစောင့်တပ်အဆင့်မြင့် တပ်မှူးများအပါအဝင် ၄၁ဦးထက်မနည်း သေဆုံးခဲ့ရသည့် ဗုံးခွဲတိုက်ခိုက်မှုမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း ပါကစ္စတန်အခြေစိုက် အဗ္ဗဒူမာလစ်အကြမ်းဖက်အုပ်စုက အောက်တိုဘာ ၂၀ရက်တွင် ထုတ်ဖော်ပြောကြားသည်။ အီရန်နိုင်ငံအနေဖြင့် ထိုအကြမ်းဖက်အုပ်စုနှင့် ယင်းတို့ကို ထောက်ခံအားပေးသူများအား အမြန်ဆုံးတိုက်ဖျက်ချေမှုန်းသွားမည်ဟု အီရန်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ်ယာဒိုလာဂျာဗာနီက ပြောဆိုသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအခြေအနေ ကုလသမဂ္ဂစိုးရိမ်မကင်းဖြစ်ရဟု ကြေညာ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအရှေ့ပိုင်းတွင် စစ်မက်တိုက်ခိုက်နေကြသူများ ကျူးလွန်သည့် အဓမ္မမှု တစ်နေ့တခြား တိုးပွားများပြားလာနေခြင်းနှင့် ပတ်သက်၍ အထူးစိုးရိမ်မကင်းဖြစ်ရကြောင်း ကုလသမဂ္ဂကထုတ်ဖော်ကြေညာသည်။ ရဝမ်ဒါနိုင်ငံ အနီး တောင်ကီဗူပြည်နယ်တွင် နေထိုင်ကြသည့် ပြည်သူများ၊ အထူးသဖြင့် အမျိုးသမီးများ စိုးရိမ်ဖွယ်ရာအန္တရာယ်များ ပို၍ တိုးပွားလာနေသည်။

ဂိုဏ်းဖွဲ့ရာဇဝတ်မှု ကျူးလွန်သည့်ကိစ္စ တရုတ်ပြည်ချုံကင်း၌ သေဒဏ်စီရင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနောက်တောင်ဘက်ရှိ ချုံကင်းမြို့ မြူနီစီပယ်တရားရုံးနှစ်ရုံးတွင် ဂိုဏ်းဖွဲ့ရာဇဝတ်ပြစ်မှုနှင့် ဆက်စပ်၍ ပြစ်မှုကျူးလွန်ခဲ့သည့် လူခြောက်ဦးအား အောက်တိုဘာ ၂၀ ရက်က သေဒဏ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

အိန္ဒိယ၌ ရထားနှစ်စင်းတိုက်မိ ၂၀ ကျော် သေဆုံး၊ ၁၇ ဦးဒဏ်ရာရ

အိန္ဒိယနိုင်ငံမြောက်ပိုင်း မတ်သူရာမြို့၌ အောက်တိုဘာ ၂၁ရက် နံနက်အစောပိုင်းက ရထားနှစ်စင်းတိုက်မိရာ ခရီးသည် ၂၀ ထက်မနည်း သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း အမျိုးသားမီဒီယာများတွင် ဖော်ပြသည်။ ရထားတိုက်မှုကြောင့် သေဆုံးသူများ တိုးပွားလာနိုင်ကြောင်း၊ ကလေးသူငယ်များအပါအဝင် ခရီးသည်များ ရထားအောက်တွင် ပိတ်မိနေသေးကြောင်းဖြင့် သတင်း၌ ဖော်ပြသည်။ ***(အောက်ပုံ)***

A(H1N1) ဖြင့် သေဆုံးမှု နယူးဇီလန်၌ ၁၉ ဦးရှိ

နယူးဇီလန်နိုင်ငံ၌ A (H1N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေသည် အောက်တိုဘာ ၂၁ရက်တွင် ၁၉ ဦးအထိရှိလာကြောင်း နယူးဇီလန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၁ရက်က ကြေညာသည်။ ထို A (H1N1)တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ပိုတိုးလာဖွယ်ရှိကြောင်းဖြင့်လည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသားများ ဆင်းရဲမွဲတေမှုနှုန်း လူခြောက်ဦးလျှင် တစ်ဦးဖြစ်လာ

အမေရိကန်နိုင်ငံသားခြောက်ဦးလျှင် တစ်ဦးသည် ဆင်းရဲမွဲတေသူဖြစ်နေကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ ဆင်းရဲမွဲတေမှုနှုန်းသည် ၁၅ဒသမ ၈ ရာခိုင်နှုန်းရှိသည့်အတွက် ပထမယူဆထားသည့် ၁၃ဒသမ၂ ရာခိုင်နှုန်းထက်ပင် ပိုများနေကြောင်း အမျိုးသားအကယ်ဒမီသိပ္ပံ(အင်န်အေအက်စ်)က ကြေညာသည်။

ဒေသတွင်းလုံခြုံရေးအခြေအနေ ဆိုးရွားလာ အိန္ဒိယဝန်ကြီးချုပ် သတိပေးပြောဆို

ဒေသတွင်း လုံခြုံရေးအခြေအနေများ ဆိုးရွားသည်ထက် ဆိုးရွားလာနေချိန်၌ အိန္ဒိယနိုင်ငံတစ်ဝန်း စစ်သွေးကြွတိုက်ပွဲများ ထပ်မံဖြစ်ပွားလာဖွယ်ရှိနေကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အောက်တိုဘာ ၂၁ရက်က ကျင်းပသည့် တပ်မှူးများညီလာခံ၌ သတိပေးပြောကြားလိုက်သည်။

ပါကစ္စတန်၌ ဗုံးနှစ်လုံးပေါက်ကွဲ ခြောက်ဦးသေဆုံး၊ ၂၉ ဦးဒဏ်ရာရရှိ

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ် နိုင်ငံတကာ အစ္စလမ်မစ်တက္ကသိုလ် (အိုင်အိုင်ယူအိုင်)တွင် ဗုံးနှစ်လုံးပေါက်ကွဲသဖြင့် အမျိုးသမီးသုံးဦးအပါအဝင် စုစုပေါင်း ခြောက်ဦးသေဆုံးပြီး ၂၉ ဦး ဒဏ်ရာရရှိခဲ့သည်။ ပါကစ္စတန်နိုင်ငံပြည်နယ်လေးခုရှိ အစိုးရများက အစိုးရနှင့် ပုဂ္ဂလိကစာသင်ကျောင်းများကို အောက်တိုဘာ ၂၅ ရက်အထိ ပိတ်ထားရန် ညွှန်ကြားထားသည်။

အမေရိကန်တို့၏ မောင်းသူမဲ့ လေယာဉ် စစ်သွေးကြွတို့က ပစ်ချခဲ့ဟုဆို

မိမိတို့သည် ဆိုမာလီယာတောင်ပိုင်း ကစ်စ်မာယူဆိပ်ကမ်းပေါ်သို့ ပျံဝဲလာသော အမေရိကန်မောင်းသူမဲ့လေယာဉ် (ယူအေဗွီ)ကို ပစ်ချခဲ့ကြောင်း အယ်လ်ရှာဘားစစ်သွေးကြွများက ပြောသည်။ အဆိုပါ အမေရိကန်လေယာဉ်သည် သူလျှိုလုပ်ငန်းများ ပြုလုပ်နေသည့် လေယာဉ်ဖြစ်ကြောင်း အဆိုပါ စစ်သွေးကြွအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က အောက်တိုဘာ ၂၀ရက်တွင် ပြောကြားသည်။ ထိုလေယာဉ်သည် ပင်လယ်ထဲသို့ ထိုးကျသွားသည်ဟု ယူဆရကြောင်း ထိုပြောခွင့်ရ ပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ သို့ရာတွင် အမေရိကန် အမှတ်(၅) ရေတပ်ပြောခွင့်ရပုဂ္ဂိုလ်ကမူ အမေရိကန်မောင်းသူမဲ့လေယာဉ် တစ်စင်းတလေမှ ပျောက်ဆုံးမှုမရှိခဲ့ကြောင်း ပြောကြားသည်။

ကချင်ပြည်နယ်အနေဖြင့် ရော်ဘာစိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သဖြင့် ရော်ဘာစိုက်ပျိုးမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာသည်။

● ကျောဖုံးမှ

ကမ္ဘာ့စက်မှု ထွန်းကားပြီး နိုင်ငံများက မော်တော်ယာဉ်များ နှစ်စဉ် သန်းချီ ထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့ဈေးကွက်အတွင်း ရော်ဘာလိုအပ်ချက်မှာ တစ်နေ့ထက်တစ်နေ့ ပိုမို မြင့်မားလျက်ရှိသည်။ ရော်ဘာစိုက်တောင်သူများ ရေရှည်တွင် ယခုထက်ပိုမို အကျိုးစီးပွား ဖြစ်ထွန်းနိုင်ပေလိမ့်မည်။ ဤသို့ဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့သည် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာမှ မိုးညှင်းခရိုင်အတွင်း ရော်ဘာများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို စုံစမ်းမေးမြန်းခဲ့သည်။

မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ဒေါ်ခင်စိန်၏ ရော်ဘာခြံတွင် အစေးခြစ်ယူနေမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

များတွင် ရော်ဘာစိုက်ခင်းသစ်များကို တွေ့ရသလို အချို့ခြံများတွင် ရော်ဘာပြားများ ထုတ်လုပ်နေသည်ကို တွေ့ရသည်။

စိုက်ကေတိုးချဲ့

ညောင်ကိုင်းကျေးရွာမှ ရော်ဘာခြံပိုင်ရှင်ဒေါ်ခင်စိန်အား ရော်ဘာစိုက်ပျိုးမှုနှင့် စပ်လျဉ်းပြီးမေးမြန်းကြည့်ရာ ''ကျွန်မတို့ ဒီရော်ဘာခြံကို ၂၀၀၂ခုနှစ်က စိုက်ပျိုးခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ကစပြီး အပင် ၃၀၀ အစေး ခြစ်နိုင်ခဲ့ပါတယ်။ တစ်နေ့ ၁၀ပေါင် ထွက်ပါတယ်။ တစ်ပေါင်ကို ငွေကျပ်ခုနစ်ရာကျော်နဲ့ ရောင်းနေရပါတယ်။ ဧပြီလမှ ဒီဇင်ဘာလအထိ အစေးခြစ်ပါတယ်။ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနဲ့ မတ်လတွေမှာ အစေးခြစ် လုပ်ငန်းနားပါတယ်။ ထပ်ပြီးတော့လည်း ရော်ဘာစိုက်ဧကများ တိုးချဲ့ဖို့ ရှိပါတယ်။ နောင်နှန်းမျိုးသန့် ရော်ဘာကို စိုက်ပျိုးပါတယ်''ဟု ရော်ဘာခြံပိုင်ရှင် ဒေါ်ခင်စိန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

''ရော်ဘာဟာ နှစ်ရှည်အကျိုးစီးပွားဖြစ်နိုင်တဲ့ စက်မှုကုန်ကြမ်းသီးနှံဖြစ်လို့ စိုက်ကေများ တိုးချဲ့စိုက်ပျိုးဖို့ ရှိပါတယ်''

ဒေါ်ခင်စိန်
ရော်ဘာခြံပိုင်ရှင်

ပိုမိုများပြား

ရော်ဘာကို ကချင်ပြည်နယ်အတွင်း မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်နှင့် ဗန်းမော်ခရိုင်တို့တွင် အများအပြား စိုက်ပျိုးလျက်ရှိသည်။ ၂၀၀၈- ၂၀၀၉ စိုက်ပျိုးရေးရာသီအထိ မြစ်ကြီးနားခရိုင်တွင် စုစုပေါင်း ရော်ဘာစိုက်ဧက ၁၅၉၃၁ဧက၊ မိုးညှင်းခရိုင်အတွင်း၌ ၄၃၆၂ဧက ဗန်းမော်ခရိုင်အတွင်း ၁၈၀၉၃ဧက ရှိနေပြီဖြစ်သည်။ မြစ်ကြီးနား ခရိုင်နှင့် မိုးညှင်းခရိုင်တို့သည် ၂၀၀၄-၂၀၀၅ စိုက်ပျိုးရေးရာသီမှ စပြီး စိုက်ပျိုး ခဲ့သဖြင့် ယခုအခါ အစေးခြစ်နိုင်သော ရော်ဘာခြံများ ပိုမို များပြားလာလျက်ရှိသည်။

မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ဒေါ်ခင်စိန်၏ ရော်ဘာခြံအတွင်း ရော်ဘာပြားထုတ်လုပ်ရေး လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

မြေကြီးကရွှေသီး

''ကျွန်တော်တို့ မိုးညှင်းခရိုင်အတွင်းမှာ ၂၀၀၀ပြည့်နှစ် ဝန်းကျင်လောက်ကစပြီး ရော်ဘာကို စိုက်ပျိုးခဲ့ပါတယ်။ ယခုအခါမှာတော့ မိုးညှင်းတစ်ခရိုင်လုံးအနေနဲ့ ၂၀၀၈-၂၀၀၉ စိုက်ပျိုးရေး ရာသီအထိ ရော်ဘာစိုက်ဧက ၄၃၆၂ ဧက အထိရှိလာပါပြီ။ အစောပိုင်းစိုက်တဲ့ရော်ဘာခြံတွေမှာ အစေးခြစ်ယူနေပါပြီ။ ရော်ဘာလုပ်ငန်းရှင်တွေ မြေကြီးကရွှေသီးနေပါပြီ''ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်က မြန်မာ့အလင်းသို့ ပြောကြားသည်။

သတင်းခရီးသည်တို့သည် ရော်ဘာများ စိုက်ပျိုး ဖြစ်ထွန်းနေသော မြစ်ကြီးနား -ရွှေဘိုကားလမ်းဘေး ဝဲယာတစ်လျှောက် မိုးညှင်းမြို့တောင်ဘက် ရော်ဘာစိုက်ပျိုးရေးခြံများသို့ ဆက်လက်သွားရောက် လေ့လာခဲ့ကြသည်။ ညောင်ကိုင်း၊ သာယာကုန်းနှင့် ဆယ်မိုင်ကျေးရွာများသည် မိုးညှင်းမြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးမှု အအောင်မြင်ဆုံးနေရာများ ဖြစ်သည်။ ယင်းကျေးရွာများရှိ ရော်ဘာခြံများမှာ သက်တမ်းရှစ်နှစ်အထက်ရှိသဖြင့် ရော်ဘာအစေးလှိုင်လျက်ရှိသည်ကို တွေ့ရသည်။ အချို့နေရာ

မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး ဒေါ်ခင်စိန်၏ ရော်ဘာခြံအတွင်း ရော်ဘာပြားများ ထုတ်လုပ်နေမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အကျိုးအမြတ်သိရှိလာ

ကချင်ပြည်နယ်အနေဖြင့် ရော်ဘာစိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်သဖြင့် ရော်ဘာစိုက်ပျိုးမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာသည်။ ရော်ဘာခြံလုပ်ငန်းရှင်များသည်လည်း ရော်ဘာစိုက်ပျိုးခြင်း၏ အကျိုးအမြတ်ကို သိရှိလာသဖြင့် စိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့လာကြသည်။ ၂၀၀၈-၂၀၀၉ စိုက်ပျိုးရေးရာသီအထိ ကချင်ပြည်နယ် တစ်ခုလုံးအနေဖြင့် ရော်ဘာစိုက်ဧက ၃၈၃၈၆ဧကအထိရှိလာပြီဖြစ်သည်။

ဂုဏ်ကိုဆောင်

သို့ဖြစ်၍ ကချင်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးမှု ပိုမိုကောင်းလာပြီဖြစ်သဖြင့် နိုင်ငံတော်အကျိုးစီးပွားနှင့် ဒေသနေပြည်သူ အကျိုးစီးပွား တိုးပွားကာ ကချင်ပြည်နယ်၏ ဂုဏ်ကိုဆောင်လာနိုင်တော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် အောက်တိုဘာ ၂၁

ရွှေဘို စိုက်ပျိုးရေးအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ

ရွှေဘိုစိုက်ပျိုးရေး အထက်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံမှ အငြိမ်းစားဆရာ၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၁၄ရက်(စနေနေ့) နံနက် ၉နာရီတွင် စိုက်ပျိုးရေးသိပ္ပံခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ပညာသင်ဆဲ ကျောင်းသားကျောင်းသူများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဖုန်း-၀၇၅-၂၁၇၄၁၊ ၀၆၇-၄၁၆၅၁၆၊ ၀၂-၆၁၁၇၀၊ ၀၉-၈၇-၂၀၂၃၂၊ ၀၉-၂၁-၀၀၁၉၉၊ ၀၇၅-၂၁၁၆၀နှင့် ၀၇၁-၄၁၃၁၆၊ ၄၅၁၉၇ တို့သို့ ဆက်သွယ်နိုင်သည်။

စာနယ်ဇင်းပညာသင်တန်း (၃/၂၀၀၉)ဖွင့်မည်

မြန်မာ့စာနယ်ဇင်းလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာနယ်ဇင်းပညာသင်တန်းကို နှစ်ကြိမ်တိုင်အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး နိုဝင်ဘာ၂ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် သင်တန်းအမှတ်စဉ် (၃/၂၀၀၉)ကို ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၌ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ကရဝိက်ဉယျာဉ်ကမ္ဘာ တန်ဆောင်တိုင် ဂီတပွဲ

ကရဝိက်ဉယျာဉ်ကမ္ဘာ၏ တန်ဆောင်တိုင်ဂီတပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၁ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂီတဖျော်ဖြေပွဲများ၊ ဈေးရောင်းပွဲနှင့်အတူ ကံစမ်းမဲဖောက်ပေးခြင်း အစီအစဉ်ပါဝင်မည်ဖြစ်သည်။

ရန်ကုန်ပညာရေးတက္ကသိုလ်(၁၉၆၇-၇၂) စုပေါင်းအလှူ

ရန်ကုန်ပညာရေးတက္ကသိုလ်(၁၉၆၇-၇၂)ကျောင်းသား ကျောင်းသူဟောင်းများ၏ စုပေါင်းအလှူပွဲကို အောက်တိုဘာ ၂၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း အမှတ် ၄၄၁-၄၄၃ မူလပဋ္ဌာန်းကျောင်းတိုက်(ဆေးတက္ကသိုလ်-၁ ရှေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ရန် ဖိတ်ကြားထားပြီး ဖုန်း-၂၉၃၃၆၃၊ ၅၅၄၉၂၆နှင့် ၇၀၆၉၁၉တို့သို့ ဆက်သွယ်နိုင်သည်။

အင်ပါယာတေးဂီတ(၂၅)နှစ်ပြည့် ဂီတဖျော်ဖြေပွဲ

တေးချစ်သူ ပရိသတ်များကြား၌ ၂၅နှစ်ကြာ အောင်မြင်စွာရပ်တည်နိုင်ခဲ့သော အင်ပါယာတေးဂီတအဖွဲ့၏ (၂၅)နှစ်ပြည့် အထူးအစီအစဉ်အဖြစ် တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကန်တော်ကြီးဉယျာဉ် မျှော်စင်ကျွန်း၌ ညနေ ၆နာရီခွဲမှစ၍ နာမည်ကြီးအဆိုတော်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ဒို့ကျေးရွာ ဝတ္ထုတိုပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်

ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသော ဒို့ကျေးရွာဂျာနယ်မှ ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်ဖြစ်ရာ စာမူများကို နိုဝင်ဘာ ၁၅ရက် နောက်ဆုံးထားပြီး အမှတ် ၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်သည်။

ပျိုမျစ်ဆဲ ပန်းချီပြပွဲ ခင်းကျင်းပြသလျက်ရှိ

ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ ပန်းချီပြခန်းတွင် ပျိုမျစ်ဆဲ (Still Young)အမည်ရှိ ပန်းချီပြပွဲကို ပန်းချီဆရာ ၂၄ဦးတို့၏ လက်ရာများဖြင့် အောက်တိုဘာ ၁၆ရက်က ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၃၁ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားသည်။

အလှဖြာဝေရခိုင်မြေ ပန်းချီပြပွဲကျင်းပမည်

*အလှဖြာဝေ ရခိုင်မြေအမည်ရှိ ပန်းချီပြပွဲကို ပန်းချီဆရာ ရွှေမောင်သာ (SMT)ရဲ့ တတိယအကြိမ် ခင်းကျင်းပြသမှုအဖြစ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်မှော်ရုံ၌ အောက်တိုဘာ ၂၂ရက် **(ယနေ့)**မှ ၂၈ရက်အထိ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားသည်။*

သူငယ်ချင်းယောက္ခမဇာတ်ကား မကြာမီရုံတင်မည်

အောက်တိုဘာ၃၀ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ သူငယ်ချင်းယောက္ခမဇာတ်ကား ရုံတင်မည်ဖြစ်ရာ ဒါရိုက်တာ ကိုဇော် (အရဏ်ဦး)ရိုက်ကူးပြီး သရုပ်ဆောင် လွင်မိုး၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာနှင့် မိုးဟေကိုတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဆွေးနွေးပွဲကို နိုဝင်ဘာပထမပတ်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Roomတွင် ကျင်းပမည်ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် ဦးဝင်းမြင့်(၁)၊ ဦးမော်လင်း၊ ဦးညွန့်ဝင်း၊ ဦးဝင်းမြင့် (၂)တို့က "Job Opportunities for Young Architects" ခေါင်းစဉ်ကို ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ပြီး အသေးစိတ်သိလိုက ဖုန်း-၀၉-၈၇၆၃၅၀၀၊ ၀၉-၅၁၁၆၉၈၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ-ဝင်းကျော်

သားကောင်းရတနာပြဇာတ်ပြိုင်ပွဲ၌ ကချင်ပြည်နယ်ကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့်ဇနီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ 'သားကောင်းရတနာ' ပြဇာတ်ပြိုင်ပွဲ စတုတ္ထနေ့ ပထမပွဲစဉ်ကို ယနေ့ ညနေ ၆နာရီခွဲတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့က ပါဝင်ယှဉ်ပြိုင်တင်ဆက်သည်။

အဆိုပါပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ပြေအေးအောင် (ရွှေမင်းသား)၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ပေါက်ကျိုင်း(ပြဇာတ်သမား)၊ တွဲဖက်ဒါရိုက်တာပြေအေးအောင် (ရွှေမင်းသား)၊ အခမ်းအနားဆက်တင် ပန်းချီ ကျော်မိုးသန်း (မိုးညှင်း)၊ စန္ဒရားအောင်ပြည့်ဖြိုး၊ ဦးမြစိုးဆိုင်းအဖွဲ့နှင့်တွဲဖက်၍ ခေါင်းဆောင်မင်းသား သိန်းမိုး၊ ခေါင်းဆောင်မင်းသမီး ဝင်းနန္ဒာဌေးနှင့် ဇာတ်ပို့ဇာတ်ရံသရုပ်ဆောင်များက မျက်မမြင် မိခင်နှင့် ကျောင်းသူ ညီမငယ်အား ရိုးသားကြိုးစားစွာ လုပ်ကိုင်ကျွေးမွေးပြုစုပြီး နိုင်ငံတော်၏ ရှေးဟောင်းအမွေအနှစ်များကို ရောင်းဝယ်ဖောက်ကားရန် ကြံစည်နေသော လူတစ်စုအား တပ်မတော်၊ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးရန် ကြိုးစားဆောင်ရွက်ခဲ့သည့် **'သားကောင်းရတနာ'** တစ်ဦး၏အကြောင်းကို ဇာတ်လမ်း၊ ဇာတ်ကွက်များဖြင့် အနုပညာရသပြောင်မြောက်စွာဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။ **(သတင်းစဉ်)**

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းတို့ ဂိုးမရှိသရေပွဲဖြစ်ပြီး တပ်မတော်(လေ)အသင်းက ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

A.G.T.I ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲ

မန္တလေး အောက်တိုဘာ ၂၁

A.G.T.I ကျောင်းသားဟောင်းများ၏ (10th Anniversary A.G.T.I Golf Friendship Cup) ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရွှေအဆင့်၊ ငွေအဆင့် နှစ်တန်းခွဲခြား၍ ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် A.G.T.I ဂေါက်သီးအားကစားသမားများသည် နိုဝင်ဘာ ၁၃ ရက်နောက်ဆုံးထား၍ ဦးသန်းဇော်ဦး ဖုန်း-၀၉-၅၁-၀၀၅၀၈၊ ဦးရဲမြင့် ဖုန်း-၀၉-၂၀-၁၅၈၅၀၊ ဦးမြင့်နိုင် ဖုန်း- ၀၉-၅၁-၀၁၅၉၂၊ ဦးသိန်းထွန်း ဖုန်း-၀၉-၂၀-၁၉၇၅၄၊ ဦးရန်လင်းဦး ဖုန်း- ၀၉-၅၁-၃၂၇၉၈၊ ဦးသန်းညွန့် ဖုန်း-၀၉-၂၀-၃၂၇၉၀၊ ဦးရဲမြင့်သန်း ဖုန်း- ၀၉-၂၀-၀၂၆၃၆၊ ဦးသန်းဝင်း ဖုန်း-၀၉-၂၂-၀၁၈၁၄၊ ဦးမျိုးဝင်း ဖုန်း- ၀၆၇-၂၃၉၈၆နှင့် ဦးမင်းစိန် ဖုန်း-၀၉-၂၀-၁၅၁၆၉တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (၁၆၂)

"ဤဒေသသည် သောက်သုံးရေရှားပါးသောဒေသဖြစ်၍ သောက်သုံးရေရရှိရန်နဲ့ စိုက်ပျိုးရေရရှိရန် ရေလှောင်တမံငယ် တည်ဆောက်ပေးခြင်း ဖြစ်ပါတယ်"

ဦးစိုးနိုင်(လက်ထောက်ညွှန်ကြားရေးမှူး)
ဆည်မြောင်းဦးစီးဌာန။

● *ရှေ့ဖုံးမှ*

တောင်ကြီးမြို့သို့ရောက်သည်နှင့် သန့်ရှင်းကြည်လင်လျက်ရှိသည့် တောင်ကြီးမြို့၏ ပတ်ဝန်းကျင် အလှရှုခင်းကြောင့် စိတ်အစဉ် ကြည်နူးလန်းဆန်းသွားခဲ့သည်။

တောင်ကြီးမြို့သို့ သတင်းခရီးလာရောက်ကြသည်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘုရားကုန်းကျေးရွာအနီးတွင် တည်ဆောက်ပြီးစီးသည့် ဘုရားကုန်းရေလှောင်တမံသို့ သွားရောက်လေ့လာပြီး သတင်းဆောင်းပါးရေးသားကြရန်ဖြစ်သည်။

ဗဟိုပြုတည်ဆောက်

ဘုရားကုန်းရေလှောင်တမံမှာ တောင်ကြီးမြို့မှ ခြောက်မိုင်ဝေးကွာသော ညီမြီးကျေးရွာတွင်ရှိသည့်အလျောက် ဆက်လက်ခရီးထွက်ခဲ့ကြသည်။ ဘုရားကုန်းရေလှောင်တမံသည် တပ်မတော်အစိုးရလက်ထက်တွင် ဖွင့်လှစ်ခဲ့သော ရေလှောင်တမံများအနက် တစ်မူထူးခြားစွာဖြင့် ရှမ်းရိုးမတောင်တန်း ပတ်လည်ဝိုင်းရံနေသော တောင်များကို ဗဟိုပြုတည်ဆောက်ထားသည်။

မိုးရေ

ရေလှောင်တမံတွင် သိုလှောင်သောရေများမှာ မြစ်ချောင်းများကို တမံပိတ်၍ သိုလှောင်ခြင်းမျိုးမဟုတ်ဘဲ တောင်ဆွယ် တောင်ငယ်များမှ ယိုစီးထွက်ကျလာသော စိမ့်စမ်းရေတစ်ဖြစ်လဲ မိုးရေများကို သိုလှောင်တားဆီးထားသော ရေလှောင်တမံဖြစ်သည်ကို ထူးခြားစွာတွေ့ရသည်။

ယင်းဒေသမှ ဒေသခံတိုင်းရင်းသားများမှာ ပဲ၊ အာလူး၊ ငရုတ်၊ ကြက်သွန်တို့ကို စိုက်ပျိုးအသက်မွေးကြသည့်အလျောက် စိမ်းစိုနေသော စိုက်ကွင်းများကို မြေကွက်လပ်မကျန် စိုက်ပျိုးလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။

သတင်းအဖွဲ့သည် ဘုရားကုန်းရေလှောင်တမံသို့ သွားရောက်ကြရာ အသင့်ရောက်နေသော ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်အား တွေ့ရသဖြင့် ရေလှောင်တမံနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရည်ရွယ်ချက်

လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က "ဤဒေသသည် သောက်သုံးရေရှားပါးသော ဒေသဖြစ်၍ သောက်သုံးရေရရှိရန်နှင့် စိုက်ပျိုးရေရရှိရန် ရေလှောင်တမံငယ် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ဘုရားကုန်းရေလှောင်တမံကို ဘုရားကုန်း ရေထွက်လျှိုပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ဖ၈ဖ ဧကပေကို ရေသိုလှောင်ရန်၊ တောင်ကြီးမြို့နယ် ထီဖောင်ကျေးရွာအုပ်စုအတွင်းရှိ မြေဧရိယာ ဧက ၂၀၀ကို ရေသွင်းစိုက်ပျိုးရန်၊ ထီဖောင်ကျေးရွာအုပ်စုနှင့် တောင်ကြီးမြို့တို့အား သောက်သုံးရေ ပေးသွားနိုင်ရန်စသည့် ရည်ရွယ်ချက်တို့ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဘုရားကုန်းရေလှောင်တမံဖွင့်ရန် အလုပ်များနေသော ဦးစီးအရာရှိ ဦးသာထွန်းစိန်အား တွေ့ဆုံမေးမြန်းခဲ့ရာ "ဘုရားကုန်းရေလှောင်တမံကို စဆောက်စဉ်က တောင်ကြီးမြို့ ရေပေးရေးအတွက် ဆောက်တာပါ၊ တောင်ကြီးမြို့ ရေပေးရေးနဲ့ တွဲဖက်ပြီးတော့ စိုက်ပျိုးရေပေးရေးကိုပါ ဆောင်ရွက်တာပါ၊ လောလောဆယ်မှာ တောင်ကြီးမြို့ ရေပေးရေးကတော့ ဆောင်ရွက်ဆဲဖြစ်ပြီး စိုက်ပျိုးရေအတွက် အဓိကထားဆောင်ရွက်နေပါတယ်၊ စိုက်ပျိုးမြေဧက အနည်းဆုံး ၂၀၀ ကို အကျိုးပြုရန် ဆောင်ရွက်ထားပါတယ်၊ ဒီဒေသမှာ မူလက မိုးရေနဲ့ ကြက်သွန်ဖြူတို့၊ နှမ်းတို့၊ ပြောင်းတို့ စိုက်ပျိုးထားပြီးတော့ တမံဖွင့်ပြီးပါက စပါးဧက ၂၀၀ ကို စပါးစိုက်ပျိုးနိုင်မယ့် အခြေအနေရှိပါတယ်။

"တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ကြက်သွန်၊ ပဲ၊ ငရုတ်စိုက်ပျိုးပါတယ်။ ဆည်ပြီးလို့ ရေပေးရင် စပါးတော့ စိုက်မှာပေါ့၊ ဒါမှ ဝမ်းစာရမှာဖြစ်လို့ ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ကို ကျေးဇူးအများကြီးတင်ပါတယ်"

ဦးခွန်ကျော်
တောင်သူ။

အရင်တုန်းကတော့ ဒီဒေသမှာ ပြောင်း၊ ကြက်သွန်ဖြူ၊ ဂျုံတို့ အခြားသီးနှံကို စိုက်ပျိုးရောင်းချကြပြီးတော့ ဆန်ကို မြို့ပေါ်တက်ပြီး ဝယ်စားကြရပါတယ်။ ယခု ဆည်တည်ဆောက်လိုက်တဲ့အတွက် စပါးစိုက်နိုင်ပြီး ဝမ်းစာဖူလုံသွားမှာ ဖြစ်ပါတယ်။ ဒေသခံလူကြီးများက ဆည်တည်ဆောက်မှုကို ဝမ်းမြောက်ဝမ်းသာ ကူညီကြပါတယ်။ ဆည်ဆောက်ကြရာမှာ ချောင်းရေ၊ မြောင်းရေများနဲ့ ဆောက်ကြရသော်လည်း ယခုဆည်လေးကတော့ တောင်ကျရေလေးနဲ့ မြေအောက်က တောင်ကလေးတွေကထွက်လာတဲ့ရေတွေကိုစုစည်းဖို့ ဆောက်ခဲ့တာပါ၊ တောင်ပေါ်မှာဆောက်တဲ့ ရေလှောင်တမံလေးပါ"ဟု ရှင်းပြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရေလှောင်တမံသို့ လာရောက်ကူညီ ဆောင်ရွက်ပေးနေသော ဒေသခံတောင်သူများအား တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။

မေး - ဦးကြီးက ဘယ်ရွာကပါလဲ။ ရေလှောင်တမံတည်ဆောက်ပေးတာ ဝမ်းမသာဘူးလား။

ဖြေ - "ဦးခွန်ထီးပါ၊ ညီမြီး(သရက်ပင်)ရွာမှာနေပါတယ်၊ ရေလှောင်တမံတည်ဆောက်ပေးတော့ ဝမ်းသာရတာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ စားသောက်ဖို့ စပါးစိုက်နိုင်မှာဖြစ်လို့ပေါ့၊ ရေလှောင်တမံဆောက်ပြီးလို့ ရေပေးရင် စိုက်ပျိုးရေးအတွက် စပါးစိုက်နိုင်တော့မှာဖြစ်လို့ ဝမ်းသာတာပေါ့"ဟု ပြောပြသည်။

"စိုက်ပျိုးရေဧက အနည်းဆုံး ၂၀၀ကို အကျိုးပြုရန် ဆောင်ရွက်ထားပါတယ်"

ဦးသာထွန်းစိန်(ဦးစီးအရာရှိ)
ဆည်မြောင်းဦးစီးဌာန ။

သတင်းအဖွဲ့သည် ဒေသခံတောင်သူတစ်ဦးအား ထပ်မံတွေ့ဆုံမေးမြန်းခဲ့သည်။

မေး - ဦးကြီးက ဘယ်ရွာကပါလဲ။

ဖြေ - ညီမြီး(သရက်ပင်)ကပါ။

မေး - နာမည်က ဘယ်လိုခေါ်ပါသလဲ။

ဖြေ - ဦးထွန်းဖလေးလို့ ခေါ်ပါတယ်။

မေး - တောင်သူဆိုတော့ ဘာတွေစိုက်ပါသလဲ။

ဖြေ - အခုတော့ ပဲ၊ ပြောင်း၊ ကြက်သွန်စတဲ့ သီးနှံတွေစိုက်ပါတယ်။

မေး - စပါးရော မစိုက်ဘူးလား။

ဖြေ - "စပါးစိုက်ချင်တာပေါ့။ အခု ကိုင်းသီးနှံ နှစ်ဧက စိုက်တယ်လေ။ ရေရမယ်ဆိုရင်တော့ စပါးသုံးဧကစိုက်မှာပေါ့။ ရေလှောင်တမံက ရေပေးမယ်ဆိုတော့ အားကြီးဝမ်းသာတာပေါ့။ မြန်မြန်ပြီးအောင်လဲ ဝိုင်းကူလုပ်ပေးခဲ့တယ်လေ။ ဒါမှ မြန်မြန်ပြီး မြန်မြန်စပါးစိုက်နိုင်တော့မှာပေါ့။ အရင်တုန်းက မြို့တက်ဝယ်စားရတာ။ နောက်ဆိုရင် ကိုယ့်စပါးကိုယ်စိုက်စားနိုင်တော့မှာ"ဟု ဝမ်းသာအားရ ပြောပြသည်။

ဆက်လက်၍ တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းရာ -

မေး - ဦးကြီးက ဘယ်ရွာကလဲ။

ဖြေ - "(ညီမြီး) ဝါးလ ရွာကပါ။ နာမည်က ဦးခွန်ကျော်လို့ခေါ်ပါတယ်။ တောင်သူလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ကြက်သွန်၊ ပဲ၊ ငရုတ် စိုက်ပျိုးပါတယ်။ ဆည်ပြီးလို့ရေပေးရင် စပါးတော့စိုက်မှာပေါ့၊ ဒါမှ ဝမ်းစာရမှာဖြစ်လို့ ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်ကို ကျေးဇူးအများကြီးတင်ပါတယ်"ဟု ပြောသည်။

ဘုရားကုန်းရေလှောင်တမံမှ ရေပေးလျှင် ဘုရားကုန်း၊ ညီမြီး၊ သရက်ပင်၊ ဝါးလှီး၊ ကုန်းပေါ်၊ ဝါးလ၊ နောင်တပိ၊ လွယ်ကောင်း၊ တံတားမီးလောင်စသော ကျေးရွာများသို့ စိုက်ပျိုးရေပေးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်ကိုလည်း ထုတ်ယူရန် စီစဉ်လျက်ရှိသည်။

ဘုရားကုန်းရေလှောင်တမံကို နိုင်ငံတော်မှ ငွေကျပ်သန်း ၃၉၀ အကုန်အကျခံ၍ ဆောက်လုပ်ပေးခြင်းဖြစ်ပြီး ဆည်ရေပေးနိုင်မည့်ဧရိယာမှာ ဆောင်းသီးနှံဧက ၂၀၀၊ မိုးသီးနှံဧက ၃၀၀၊ မြို့သောက်သုံးရေ၊ ဘုရားကုန်းနှင့် ညီမြီးကျေးရွာတို့ကို သောက်သုံးရေများ ပေးနိုင်မည်ဖြစ်သည်။ ဆည်မြောင်းဦးစီးဌာနမှ ရှမ်းပြည်နယ် တောင်ကြီးခရိုင် တောင်ကြီးမြို့နယ်အတွင်းရှိ ဘုရားကုန်းရေလှောင်တမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းဖြင့် တောင်ကြီးမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာဧက ၂၀၀ ကို ဆည်ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ ရေရှားပါးမှုအခက်အခဲမှ လွတ်မြောက်၍ သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည်ဖြစ်ရာ စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည့် လုပ်ငန်းဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"ရေရမယ် ဆိုရင်တော့ စပါးသုံးဧကစိုက်မှာပါ။ ရေလှောင်တမံက ရေပေးမယ်ဆိုတော့ အားကြီးဝမ်းသာတာပေါ့။"

ဦးထွန်းဖလေး၊ တောင်သူ။

ရှမ်းပြည်နယ်(တောင်ပိုင်း)ဘုရားကုန်း ရေလှောင်တမံ၏ ရေထုတ်ပြွန် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

ရေးကြဆိုကြ တီးမှုတ်ကြနှင့် ကကြမြိုင်မြိုင်

*နားဝင်ပီယံ၊ တေးသံချိုမြ
လှပသီကြွေး၊ ဘဝင်အေးအောင်
စွမ်းဆောင်နိုင်သူ ဆိုတတ်သူတွေ။

*ခေါင်းခါးခြေလက်၊ အချက်ကျလှုပ်ရှား
ဆန်းပြားလှစွာ၊ တတ်ပညာဖြင့်
ရင်မှာစွဲငြိ၊ ဘဝင်ထိအောင်
စွမ်းဆောင်နိုင်သူ ကတတ်သူတွေ။

*သံစဉ်ဖွဲ့ရှာ၊ လှပစွာလျှင်
အလင်္ကာတေး၊ ရင်မှာအေးအောင်
စွမ်းဆောင်နိုင်သူ ရေးဖွဲ့သူတွေ။

*ချိုလွင်သံသာ၊ ထံတျာဂီတ
အလှဖန်ဆင်း၊ အသက်သွင်းကာ
ရင်တွင်းသိမ့်သိမ့်၊ ဘဝင်ငြိမ့်အောင်
စွမ်းဆောင်နိုင်သူ တီးမှုတ်သူတွေ။

*သုတရသ၊ ဓမ္မစုံလင်
ဂုဏ်အင်ပြည့်ဝ၊ မြန်မာ့မူဟန်
ဇာတိမာန်ဖြင့်၊ မိုးယံထိုးဖောက်
အံ့လောက်ဖွယ်ရာ၊ ထင်ရှားစွာလျှင်
ကမ္ဘာနှံ့သိ၊ မြန်မာ၏အလှ
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကို
ဝှဲချီးကျင်းပ၊ လှပမြိုင်ဆိုင်
ယှဉ်ပြိုင်နိုင်ရေး၊ အားမာန်မွေး၍
ရေးကြဆိုကြ တီးမှုတ်ကြနှင့်
ကကြမြိုင်မြိုင်၊ ခိုင်ခိုင်မြဲမြဲ
လက်ချင်းတွဲကာ၊ စည်းလုံးစွာဖြင့်
ညီညာလှုပ်ရှား၊ ဒို့စွမ်းအားကို
ဒို့များကိုယ်စီပြကြစို့။ ။

ညွန့်လှိုင်ဝင်း (ကွမ်းခြံကုန်း)

ဇာတ်တော်ကြီးပြိုင်ပွဲ ယှဉ်ပြိုင်မည့် ပြည်နယ်နှင့်တိုင်းများ ယှဉ်ပြိုင်မည့်နေ့ရက်များ

စဉ်	ပြည်နယ်၊တိုင်းအမည်	ယှဉ်ပြိုင်မည့်နေ့ရက်	အချိန်(ည)
၁	ဧရာဝတီတိုင်း	၂၂-၁၀-၂၀၀၉	၇နာရီ
၂	မန္တလေးတိုင်း	၂၃-၁၀-၂၀၀၉	၇နာရီ
၃	ရန်ကုန်တိုင်း	၂၄-၁၀-၂၀၀၉	၇နာရီ
၄	စစ်ကိုင်းတိုင်း	၂၅-၁၀-၂၀၀၉	၇နာရီ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ယှဉ်ပြိုင်

နေပြည်တော် သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာကျင်းပ

အောက်တိုဘာ ၂၂ရက်(ယနေ့)၌ အဆို၊ အက၊ အတီး၊ ဇာတ်၊ ဆိုင်းအဖွဲ့နှင့် အိုးစည်ပြိုင်ပွဲများပါဝင်မည်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စတုတ္ထနေ့အဖြစ် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောသုတေသန စုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမ၊ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမတို့၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီး ဌာန ဝန်ကြီးဦးသောင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်စိုး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီ ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာ ရှင်များ၊ ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူ များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနု ပညာကို ချစ်မြတ်နိုးကြသည့်ပြည်သူ များ တက်ရောက်ကြည့်ရှုအားပေးကြ သည်။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့တွင် ပြိုင်ပွဲကျင်းပမှုကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များနှင့် အသင်းအုပ်ချုပ်သူများ၊ လေ့လာသူများ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲ၏ အခြေခံပညာ အဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ခေတ်ဟောင်း/ကာလပေါ် တေးအဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်း အဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အတွင်း ရေးမှူး ဒေါ်မေပြုံးခိုင်နှင့်အဖွဲ့ဝင်များ က ကြီးကြပ်၍ ခေတ်ဟောင်း/ကာလ ပေါ်တေး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့် ဗဟိုအကဲဖြတ် အဖွဲ့ ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'အညာတစ်ခေါက်'** တေးသီချင်းဖြင့် ကရင်ပြည်နယ်မှ မောင်စောအောင်ကျော်ကျော်၊ ရန်ကုန် တိုင်းမှ မောင်အောင်နိုင်ဦး၊ ကချင် ပြည်နယ်မှ မောင်ဘုန်းမြင့်ကျော်၊ ရှမ်း ပြည်နယ်မှ မောင်သီဟမင်းဇင်၊ မွန် ပြည်နယ်မှ မောင်ဟိန်းထက်လင်း၊ စစ်ကိုင်းတိုင်းမှ မောင်သက်နိုင်စိုး၊ မန္တလေးတိုင်းမှ မောင်သာနေဦးနှင့် မောင်တင့်ဖြိုးခိုင်၊ ပဲခူးတိုင်းမှမောင်စည် သူလွင်၊ ရခိုင်ပြည်နယ်မှ မောင်ဖြူလှ၊ ရန်ကုန်တိုင်းမှ မောင်ဝင်းမိုးအောင်နှင့် ဧရာဝတီတိုင်းမှ မောင်ပိုမိုထက် အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ အဆင့်မြင့်ပညာ အဆင့် (အမျိုးသား) ခေတ်ဟောင်း/ ကာလပေါ်တေး အဆိုပြိုင်ပွဲကို ကျင်းပ ရာ **'လူထဲကလူ'** သီချင်းဖြင့် ရန်ကုန် တိုင်းမှ မောင်သော်တာထွန်း၊ ရှမ်း ပြည်နယ်မှ မောင်မင်းမင်းသန်း၊ မန္တလေးတိုင်းမှ မောင်ဇော်ထက်၊ ပဲခူး တိုင်းမှ မောင်ဇော်ကိုကို၊ ရန်ကုန်တိုင်း မှ မောင်မြတ်ထွန်းသိန်း၊ တနင်္သာရီ တိုင်းမှ မောင်ဒီရဲလင်း၊ ကရင် ပြည်နယ်မှ မောင်နိုင်အောင်ဟိန်း၊ ကချင်ပြည်နယ်မှ မောင်ဝေဖြိုးအောင်၊ ရခိုင်ပြည်နယ်မှ မောင်ပိုင်ဖြိုးကို၊ ဧရာဝတီတိုင်းမှ မောင်အောင်ကျော်မိုး၊ စစ်ကိုင်းတိုင်းမှ မောင်ထန်လျှန်ကပ်၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းဌေး၊ ကယားပြည်နယ်မှ မောင်သီဟစိုးနှင့် မွန်ပြည်နယ်မှ မောင်သိန်းထိုက် အောင်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက် ပိုင်းပြိုင်ပွဲအစီအစဉ်ကို ရပ်နားသည်။

အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ...
အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်...
စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မအိဇာဝင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

သီဆိုပြိုင်ပွဲဝင်

မွန်းလွဲပိုင်း ပြိုင်ပွဲအစီအစဉ်ကို မွန်းလွဲ၁နာရီတွင် ကျင်းပရာ အခြေခံ ပညာအဆင့် (အသက် ၁၅နှစ်မှ၂၀) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် တေးအဆိုပြိုင်ပွဲတွင် **'တေမိယ'** သီချင်း ဖြင့် ကရင်ပြည်နယ်မှ မဝင်းလဲ့လဲ့ အောင်၊ ရန်ကုန်တိုင်းမှ မစပယ်ဖူးနှင့် မရွှေဇင်ဖြိုး၊ ရခိုင်ပြည်နယ်မှ မဦးခင် သိန်း၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ဧရာဝတီတိုင်းမှ မဇင်ဒေဝီထွန်း၊ ပဲခူး တိုင်းမှမဇာခြည်ဝတ်ရည်ဟန်၊မန္တလေး တိုင်းမှ မနွေးနွေးနှင့် မပန်းအိ၊ မွန် ပြည်နယ်မှ မသိင်္ဂီဝင်း၊ စစ်ကိုင်းတိုင်း မှ မခက်ခက်ဦး၊ ကချင်ပြည်နယ်မှ မဝတ်မှုံထွန်းနှင့် ချင်းပြည်နယ်မှ မမိုင်မေသူသူထွန်းတို့ သီဆိုပြိုင်ပွဲဝင် ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များ ကို ရပ်နားလိုက်သည်။

အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မသီရိသန့်စင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အကပြိုင်ပွဲ

အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး အကပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပရာ အကအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်ခေါင်း ဆောင်သောအဖွဲ့ဝင်များနှင့် ပြည်နယ် နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင် များက ကြီးကြပ်အကဲဖြတ်အမှတ်ပေး ကြပြီး မန္တလေးတိုင်းမှမအိကေခိုင်မျိုး၊ ကရင်ပြည်နယ်မှ မခင်ခင်ချို၊ဧရာဝတီ တိုင်းမှ မခက်ပိုပိုနိုင်၊ ရှမ်းပြည်နယ်မှ မခိုင်နဒီကို၊ ပဲခူးတိုင်းမှ မအိအိမိုး၊ ရန်ကုန်တိုင်းမှ မအေးမဖြူ၊ မွန် ပြည်နယ်မှ မသဇင်ထက်၊ ပဲခူးတိုင်း မှ မမိုးရန့်ခင်၊ ချင်းပြည်နယ်မှ မနွယ် ဝတီစိုး၊ ကချင်ပြည်နယ်မှ မခိုင်လင်း ဖြိုး၊ မန္တလေးတိုင်းမှ မဝင်းရတနာ

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၅။	၂၂-၁၀-၂၀၀၉ (ကြာသပတေးနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ	အဆင့်မြင့်ပညာ(အမျိုးသမီး)	၀၉း၀၀
			အဆို၊ မဟာဂီတ	အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား)	၁၃း၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက	အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး)	၀၉း၀၀
			အက	အခြေခံပညာအသက် (၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း)(အမျိုးသား)	၁၃း၀၀
			ဇာတ်သဘင်	ဥဂ္ဂသေနဇာတ် (ဧရာဝတီတိုင်း)	၁၉း၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး (စန္တရား)	အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား)	၀၉း၀၀
			အတီး (စန္တရား)	ဝါသနာရှင်(ပထမတန်း) (အမျိုးသမီး)	၁၃း၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး (စောင်း)	အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း)(အမျိုးသား) (အမျိုးသမီး)	၀၉း၀၀
			အတီး (စောင်း)	အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး)	၁၃း၀၀
			အတီး (စောင်း)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)	၁၃း၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး (အိုးစည်)	ဝါသနာရှင်(ပထမတန်း) (အမျိုးသား)	၀၉း၀၀
			အတီး (အိုးစည်)	အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသား)	၁၃း၀၀
		စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (သင်တန်းခန်းမ)	အတီး (ဆိုင်းအဖွဲ့လိုက်)	အခြေခံပညာ အသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသမီး)	၀၉း၀၀
			အတီး (ဆိုင်းအဖွဲ့လိုက်)	ဝါသနာရှင် (ပထမတန်း) (အမျိုးသမီး)	၁၃း၀၀
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး (သီချင်းလေ့ကျင့်)	ဝါသနာရှင်(ပထမတန်း)၊ ဝါသနာရှင်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာ(အမျိုးသား)/(အမျိုးသမီး)	၀၉း၀၀

...စတုတ္ထနေ့ယှဉ်ပြိုင် ...စွာကျင်းပ ...စည်ပြိုင်ပွဲများပါဝင်မည်

နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် ...သနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမ၊

ကျော်၊ ရှမ်းပြည်နယ်မှ မချမ်းမြေ့ခိုင်၊ ကချင်ပြည်နယ်မှ မလင်းလက်ဝတီ၊ ရခိုင်ပြည်နယ်မှ မဖူးရွှေဇင်၊ စစ်ကိုင်းတိုင်းမှ မကျော့သဉ္ဇာလင်း၊ မကွေးတိုင်းမှ မဇူလိုင်ဇော်၊ ရန်ကုန်တိုင်းမှ မမေမြတ်နိုးခင်နှင့် ကရင်ပြည်နယ်မှ မနန်းစန်းပွင့်အေးတို့ ပြိုင်ပွဲဝင်ကြကာ နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ၁နာရီတွင် အကပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) အကပြိုင်ပွဲကို ကျင်းပရာ ကယားပြည်နယ်မှ မောင်သိန်းဌေးအောင်၊ စစ်ကိုင်းတိုင်းမှ မောင်ထွန်းမင်းဦး၊ မန္တလေးတိုင်းမှ မောင်မျိုးသီဟကျော်(ခ)ပိုင်ပိုင်၊ ရန်ကုန်တိုင်းမှ မောင်နေ

အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

မရွှေဇင်ဖြိုး၊ ရခိုင်ပြည်နယ်မှ မဦးခင်သိန်း၊ ရှမ်းပြည်နယ်မှ မမေသက်နွယ်၊ ဧရာဝတီတိုင်းမှ မဇင်ဒေဝီထွန်း၊ ပဲခူးတိုင်းမှမဇာခြည်ဝတ်ရည်ဟန်၊မန္တလေးတိုင်းမှ မနွေးနွေးနှင့် မပန်းအိ၊ မွန်

ဝင်းထွဋ်၊ ရခိုင်ပြည်နယ်မှ မောင်သန်းနိုင်၊ မကွေးတိုင်းမှ မောင်မြင့်စိုးဦး၊ ကချင်ပြည်နယ်မှ မောင်ဝင်းမင်းသန့်၊ ချင်းပြည်နယ်မှ မောင်ကြည်လွင်၊ ရှမ်းပြည်နယ်မှ မောင်ရဲရင့်အောင်၊ ကချင်ပြည်နယ်မှ မောင်ကျော်မြင့်၊ မန္တလေးတိုင်းမှ မောင်အောင်မျိုးသူ၊ မွန်ပြည်နယ်မှ မောင်ရဲညီညီနှင့် ရန်ကုန်တိုင်းမှ မြိုင်ကြီးငှ စောကျော်လင်းစိုးတို့ ပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

ရုပ်သေးပြိုင်ပွဲ

အကပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားရုပ်သေးပြိုင်ပွဲကို နံနက်၉နာရီတွင် အမှတ်(၇)တည်းခို

...ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲတွင် ...း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ပြည်နယ်မှ မသိင်္ဂီဝင်း၊ စစ်ကိုင်းတိုင်းမှ မခက်ခက်ဦး၊ ကချင်ပြည်နယ်မှ မဝတ်မှုံထွန်းနှင့် ချင်းပြည်နယ်မှ မမိုင်မေသူသူထွန်းတို့ သီဆိုပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

အကပြိုင်ပွဲ

အကပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး အကပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင်ခေါင်းဆောင်သောအဖွဲ့ဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက ကြီးကြပ်အကဲဖြတ်အမှတ်ပေးကြပြီး မန္တလေးတိုင်းမှမအိကေခိုင်မျိုး၊ ကရင်ပြည်နယ်မှ မခင်ခင်ချို၊ဧရာဝတီတိုင်းမှ မခက်ပိုပိုနိုင်၊ ရှမ်းပြည်နယ်မှ မခိုင်နဒီကို၊ ပဲခူးတိုင်းမှ မအိအိမိုး၊ ရန်ကုန်တိုင်းမှ မအေးမဖြူ၊ မွန်ပြည်နယ်မှ မသဇင်ထက်၊ ပဲခူးတိုင်းမှ မမိုးရန့်ခင်၊ ချင်းပြည်နယ်မှ မနွယ်ဝတီစိုး၊ ကချင်ပြည်နယ်မှ မခိုင်လင်းဖြိုး၊ မန္တလေးတိုင်းမှ မဝင်းရတနာ

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ရုပ်သေးပြိုင်ပွဲကိုကျင်းပရာ ရုပ်သေးမင်းသား၊ မင်းသမီး အကများဖြင့် မကွေးတိုင်းမှ မသက်မွန်ထက်၊ စစ်ကိုင်းတိုင်းမှ မရွှေသွယ်မြင့်၊ ရန်ကုန်တိုင်းမှ မသီရိရတနာစိုးဟန်၊ မန္တလေးတိုင်းမှ မအိဇာဝင်း၊ ရန်ကုန်တိုင်းမှ မစုဦးထက်၊ မွန်ပြည်နယ်မှ မနန်းအေးအေးမူ၊ မန္တလေးတိုင်းမှ မပြုံးတင်နှင့် တနင်္သာရီတိုင်းမှ မအိဖြူဖြူတို့ ပြိုင်ပွဲဝင်ကြပြီး မွန်းလွဲပိုင်း ပြိုင်ပွဲအစီအစဉ်ကို ရပ်နားလိုက်သည်။

ပတ္တလားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသား ပတ္တလား အတီး ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ပတ္တလား အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမြစတင်းနှင့် ဗဟိုအကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ဖော်ကွာဝေး'** (ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေးဖိုးဇော်၊ မန္တလေးတိုင်းမှဦးချစ်ဆန်း၊ ပဲခူးတိုင်းမှ ဦးမင်းသူနိုင်၊ မွန်ပြည်နယ်မှ မောင်ချစ်မိုးလျှံ၊ မကွေးတိုင်းမှ ဦးလှကြည်(ခ)လှိုင်မိုး၊ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ မန္တလေးတိုင်းမှ မောင်ဝင်းထွန်းဦး၊ ရန်ကုန်တိုင်းမှဦးကျော်လင်းထွန်းနှင့် စစ်ကိုင်းတိုင်းမှတက္ကသိုလ်ဦးမျိုးသူတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်ကို ရပ်နားသည်။

မွန်းလွဲပိုင်း ပြိုင်ပွဲအစီအစဉ်ကို မွန်းလွဲ၁နာရီတွင်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ပတ္တလား အတီးပြိုင်ပွဲတွင် **'ဆန်းနွေဦး'**(ယိုးဒယား) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မသီရိသန့်စင်၊ မန္တလေးတိုင်းမှ မဝင်းမြတ်ကြည်နှင့် မနေရည်အောင်၊ ရန်ကုန်တိုင်းမှ မဆုလှဲ့ရည်အောင်၊ စစ်ကိုင်းတိုင်းမှ မမေသကြာန်နှင့် ရန်ကုန်တိုင်းမှ မဆုဝါဝါမြင့်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်ကို ရပ်နားလိုက်သည်။

အကဲဖြတ်

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား

အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မဦးခင်သိန်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ ရုပ်သေးအက အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးရဲခွေးနှင့် အကဲဖြတ်ပညာရှင်များက ကြီးကြပ်အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ရုပ်သေးမင်းသား၊ မင်းသမီးအကများဖြင့် ပဲခူးတိုင်းမှ မောင်အေးမြင့်၊ ရန်ကုန်တိုင်းမှ မောင်ဉာဏ်လင်းအောင်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်ညီညီဦး၊ မန္တလေးတိုင်းမှ ဦးအောင်မျိုးသူနှင့် ဦးခိုင်မင်းသူ၊ မကွေးတိုင်းမှ မောင်မြင့်စိုးဦးနှင့် ရန်ကုန်တိုင်းမှ မောင်ရွှေသန့်မောင်တို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲ အစီအစဉ်များကို ခေတ္တရပ်နားသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒိုးပတ်အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်ဘမော်နှင့် အကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ချင်းပြည်နယ်မှဦးမြင့်ကြိုင်အဖွဲ့၊ကရင်ပြည်နယ်မှဦးမောင်ဦး(ခ) ဖွဲ့ကပင်မောင်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဦးအောင်ကိုဝေအဖွဲ့၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်အဖွဲ့နှင့် မောင်လင်းထိုက်အောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ရဲနိုင်အဖွဲ့၊ စစ်ကိုင်းတိုင်းမှ ဦးခိုင်သူအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေး ဖိုးဇော်အဖွဲ့တို့ ပါဝင်

တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသား ဒိုးပတ်အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွားအဖွဲ့နှင့် မောင်ကျော်ကျော်ထွန်းမောင်အဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ထက်ဝေယံအဖွဲ့၊ စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးအဖွဲ့နှင့် ရန်ကုန်တိုင်းမှ မောင်အောင်ထွန်းဦး(ခ) စိန်တွတ်တီးအဖွဲ့တို့ ပါဝင်တီးခတ်ပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

စန္ဒရားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်အဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ဇေယျာမြို့'**(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်ချောကလျာနှင့် မမေနဒီအောင်၊ စစ်ကိုင်းတိုင်းမှ မနန်းနွမ်းလောင်၊ မန္တလေးတိုင်းမှ မမျိုးစန္ဒီငြိမ်းနှင့် မပန်မှုးကျော့၊ ရှမ်းပြည်နယ်မှ မနန်းမွေခမ်း၊ ကချင်ပြည်နယ်မှ မဘောက်ဂျာတို့ ပါဝင်တီးခတ်ယှဉ်ပြိုင်ကြပြီးနံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် **'ရှစ်စုရွက်ကြာ'**(ပတ်ပျိုး)ဖြင့် မန္တလေးတိုင်းမှ ဦးနေဇင်အောင်နှင့် ဦးညီညီဖြိုးဝေ၊ ရန်ကုန်တိုင်းမှ ဦးဇင်မျိုးထွတ်နှင့် မောင်ရဲမင်းဟန်၊ ဧရာဝတီတိုင်းမှ ဦးကျော်ဇောလင်း၊ မွန်ပြည်နယ်မှ ဦးမောင်မောင်၊ စစ်ကိုင်းတိုင်းမှ တက္ကသိုလ်ဦးမျိုးသူ၊ မကွေးတိုင်းမှ ဦးဇော်မင်းနှင့် ပဲခူးတိုင်းမှ ဦးသိန်းဆွေဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်တီးခတ်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။

ဆိုင်း(တစ်ဦးချင်း)

အတီးပြိုင်ပွဲ၏အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်)အမျိုးသား ဆိုင်း(တစ်ဦးချင်း)ပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ၌ နံနက် ၉နာရီတွင် ကျင်းပရာ ဆိုင်းအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး **'ရွှေဘုန်း ရွှေဘုန်း'** (ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူနှင့် မောင်ချစ်ကိုကိုစိုး၊ မကွေးတိုင်းမှမောင်လှမင်း၊ ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်၊ စစ်ကိုင်းတိုင်းမှ မောင်ဟိန်းမင်းကိုကိုနှင့် မန္တလေးတိုင်းမှ မောင်ဇော်ဇော်အောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များ ရပ်နားသည်။

တီးခတ်ပြိုင်ပွဲဝင်

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်ကို ဆက်လက် ကျင်းပရာ ဝါသနာရှင်အဆင့် အမျိုးသား ဆိုင်း(တစ်ဦးချင်း) ပြိုင်ပွဲတွင် **'ပုံပမာ'** (ကြိုး)သီချင်းဖြင့် မွန်ပြည်နယ်မှ မောင်ချစ်မိုးလျှံ၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်၊ ရန်ကုန်တိုင်းမှ ဦးဟိန်းရာဇာ၊ ဧရာဝတီတိုင်းမှ ဧရာဝတီလှိုင်မင်း၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ ပဲခူးတိုင်းမှ ပန်တျာမြသန်းဝင်းနှင့် ရန်ကုန်တိုင်းမှ မောင်ရဲလင်းဗိုလ်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး စတုတ္ထနေ့ပြိုင်ပွဲအစီအစဉ်ကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အဆို၊ အက၊ အရေး၊ အတီး ယှဉ်ပြိုင်ပွဲ အကဲဖြတ်သူတို့ ဖွင့်ဟသံများ

အမေး/အရေး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စတုတ္ထနေ့ပြိုင်ပွဲများ ကျင်းပရာ နေပြည်တော်ရေဆင်းရှိ ပြိုင်ပွဲခန်းမများ၌ သီဆို ကခုန် တီးမှုတ်သံများ လွင့်ပျံ့လျက်....။

မြန်မာ့အလင်းသတင်းအဖွဲ့ ပြိုင်ပွဲခန်းမများသို့ သွားရောက်ပြီး အကဲဖြတ်အမှတ်ပေးနေကြသော ဝါရင့်အနုပညာရှင်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

ဦးစိန်မာဒင် (ဥက္ကဋ္ဌ အကအကဲဖြတ်လုပ်ငန်းအဖွဲ့)

ဦးစိန်မာဒင် (ဥက္ကဋ္ဌ၊ အက အကဲဖြတ်လုပ်ငန်းအဖွဲ့)

ဦးစိန်မာဒင် (ဥက္ကဋ္ဌ အကဲဖြတ်လုပ်ငန်းအဖွဲ့)က "ပြည်နယ်နှင့်တိုင်း အသီးသီးက ပြိုင်ပွဲဝင်ကလေးငယ်တွေ အတော်လေး ကြိုးစားကြတယ်။ ထူးချွန်ပြီး ပါရမီရှိတဲ့ ကလေးတွေလည်း အများကြီးတွေ့ရတော့ ဘဘတို့ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာ အရှည်တည်တံ့ဖို့ စိတ်အေးရပါတယ်။ တစ်နိုင်ငံလုံးက ဝါသနာရှင်လေးတွေ အပြိုင်အဆိုင် စွမ်းရည်ပြသခွင့်ရတဲ့ပွဲမို့ အားလုံးအတွက် အကျိုးရှိတာပေါ့။ ဘဘတို့က အသက်ကြီးပြီ၊ ဘဘတို့ တတ်မြောက်ထားတဲ့ အကပညာရပ်တွေ လူငယ်တွေကို စနစ်တကျနဲ့ လက်ဆင့်ကမ်း အမွေပေးချင်တာဆိုတော့ အခုလို အခြေခံကျွမ်းကျွမ်း ကျင်ကျင်နဲ့ ပါဝင်ယှဉ်ပြိုင်နေကြတဲ့ ကလေးတွေကို မြင်ရတာ ဝမ်းသာပီတိဖြစ်ရပါတယ်"။

ဦးရဲခွေး (ရုပ်သေးအကအကဲဖြတ်အဖွဲ့ခေါင်းဆောင်)

ဦးရဲခွေး (ရုပ်သေးအက အကဲဖြတ်အဖွဲ့ခေါင်းဆောင်)

"တိမ်ကောပျောက်ကွယ်မတတ် ဖြစ်နေတဲ့ မြန်မာ့ရုပ်သေးကို ပြိုင်ပွဲထည့်သွင်း ကျင်းပပေးခဲ့တာကြောင့် ရုပ်သေးအနုပညာကို စိတ်ဝင်စားလာတဲ့ လူငယ်တွေ နိုင်ငံအနှံ့အပြားမှာ ပေါ်ထွက်ခဲ့တာမို့ ဝမ်းသာရပါတယ်။ ပြည်နယ်နှင့်တိုင်း အသီးသီးက ရုပ်သေးပြိုင်ပွဲဝင် လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကလည်း တကယ့်ကို အံ့သြစရာကောင်းအောင် ထူးချွန်ကြတာတွေ့ရတယ်။ တချို့ပြိုင်ပွဲဝင်လူငယ်တွေဆိုရင် အားရကျေနပ်ဖွယ်ကောင်းအောင် ပြိုင်ပွဲဝင်နိုင်ကြတယ်။ မြန်မာ့ရုပ်သေးအနုပညာကိုတော့ ဒီလိုလူငယ်တွေကပဲ အရှည်တည်တံ့အောင် ဆက်လက်သယ်ဆောင်သွားကြရမှာပါ၊ ဘဘတို့ကတော့ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တွေကို အမြဲတမ်း ထည်ထည်ဝါဝါဖြစ်စေချင်တဲ့ဆန္ဒရှိနေတာမို့ လူငယ်တွေ ကြိုးစားကြဖို့ မျှော်လင့်မိပါတယ်"။

ဦးစိန်စတင်း (ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင်)

ဦးစိန်စတင်း (ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင်)

"ဆိုင်းအကဲဖြတ်ဒိုင်အနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့တာ (၁၅)ကြိမ်ရှိပါပြီ။ ပြိုင်ပွဲဝင်ကလေးတွေ တစ်နှစ်ထက်တစ်နှစ် အရည်အချင်းတိုးတက်လာတာကတော့ သိသာပါတယ်။ ဆရာတွေရဲ့ သင်ကြားပြသမှုကြောင့် အခြေခံကျကျနဲ့ စနစ်တကျယှဉ်ပြိုင်နိုင်တာကိုတွေ့ရတယ်။ ဒီနှစ်မှာ အခြေခံ(အသက် ၅နှစ်မှ၁၀နှစ်)ပြိုင်ပွဲဝင် ကလေးငယ်တွေရဲ့ဆိုင်းတီးစွမ်းရည်ကတော့ မချီးကျူးဘဲ မနေနိုင်ပါဘူး။ လိုအပ်ချက်ကတော့ စိတ်ငြိမ်ငြိမ်ထားပြီး ပြိုင်ပွဲဝင်ကြဖို့ပဲဖြစ်ပါတယ်။ တူရိယာအပေါ် အာရုံမထားရင် အမှားအယွင်းဖြစ်တတ်တာမို့ သတိထားရမှာပါ၊ ဆိုင်းအစ၊ ဆိုင်းအချနဲ့ ဆိုင်းအရပ်တွေမှာ ပါးနပ်ဖို့၊ အရိပ်အကဲသိဖို့ လိုအပ်ပါတယ်။ အခုလို ပြိုင်ပွဲကျင်းပပေးမှုရလဒ်က တန်ဖိုးမဖြတ်နိုင်အောင်အထိ ထိရောက်မှုရှိပါတယ်"။

ဒေါ်နွဲ့နွဲ့စန်း (အက အကဲဖြတ်ပညာရှင်)

ဒေါ်နွဲ့နွဲ့စန်း (အကအကဲဖြတ်ပညာရှင်)

"ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲဝင်တွေဟာ အဆင့်တိုင်းမှာ တိုးတက်လာတာတွေ တွေ့ရတယ်။ အကပြိုင်ပွဲရဲ့ အခြေခံအဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့်ပညာအဆင့်တွေမှာ ထူးထူးခြားခြား ယှဉ်ပြိုင်နိုင်ကြတယ်။ ပြိုင်ပွဲဝင်တွေ တစ်ဦးနဲ့တစ်ဦး အရည်အချင်းကွာခြားမှုမရှိတာမို့ အကဲဖြတ် အမှတ်ပေးရတာတောင် အခက်အခဲဖြစ်ရပါတယ်။အခြေခံကျတဲ့ ကကြိုးကကွက်တွေအပြင် ဆန်းသစ်တဲ့ကကွက်လေးတွေလည်း တွေ့မြင်ရတယ်။ မြန်မာ့ရိုးရာမပျက်စေဘဲ ဆန်းသစ်တီထွင်တဲ့ အကတွေကို လက်ခံရမှာပါ၊ အထူးသဖြင့် အခြေခံ (အသက် ၅နှစ် မှ ၁၀နှစ်)တွေရဲ့ ပြိုင်ပွဲဝင်မှုကတော့ စိတ်တိုင်းအကျဆုံးပါပဲ"

ဒေါ်နွဲ့ယဉ်ဝင်း(ခေတ်အကြိုက်တေး အဆိုအကဲဖြတ်ပညာရှင်)

ဒေါ်နွဲ့ယဉ်ဝင်း (ခေတ်အကြိုက်တေး အဆိုအကဲဖြတ်ပညာရှင်)

"ပြိုင်ပွဲဝင်လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုက တကယ့်ကို ချီးကျူးစရာပါပဲ။ တော်ကြပါတယ်။ အသံအနိမ့်အမြင့်၊ သံစဉ်အဝင်အထွက် မှန်အောင် သီဆိုနိုင်ကြတာ တွေ့ရတယ်။ ဒါပေမယ့် အဆိုကို ပံ့ပိုးပေးတဲ့ အတီးပိုင်းကျတော့ အားနည်းချက်တွေ ရှိတာတွေ့ရတယ်။ အချို့ အတီးပံ့ပိုးပေးသူတွေရဲ့ ချို့ယွင်းမှုတွေကြောင့် အဆိုကို ထိခိုက်မှုဖြစ်စေပါတယ်။ ပြိုင်ပွဲဝင်အချို့ဟာ အဆိုပိုင်းမှာ ပြောစရာမရှိပေမယ့် အတီးပံ့ပိုးမှု အပြည့်အဝမရတဲ့အခါ အမှားတွေ ဖြစ်စေတာပေါ့။ ဒါက ပြိုင်ပွဲဝင်တွေ သတိပြုသင့်တဲ့ အချက်ပါပဲ။ နိုင်ငံတစ်ဝန်းမှာ အနုပညာရွက်ပုန်းသီးလူငယ်တွေ ပေါ်ထွက်စေတာမို့ အားရကျေနပ်မှု ပီတိဖြစ်ရပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားခဲ့ကြသည်။

လက်ဆင့်ကမ်းသယ်ယူ

အကဲဖြတ်အနုပညာရှင်များကား ပြိုင်ပွဲဝင်တစ်ဦးချင်းကို အာရုံစူးစိုက် လေ့လာအကဲဖြတ်အမှတ်ပေးနေကြသည်ကို တွေ့ရသည်။ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ နိုင်ငံ့အတွက် အနုပညာအမွေကို လက်ဆင့်ကမ်းသယ်ယူနိုင်မည့် မျိုးဆက်သစ်လူငယ်တွေ ပေါ်ထွက်စေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ဇာတ်သဘင်ပုံစံများ

ဒေါက်တာခင်မောင်ညွန့်

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။ ၁၉၉၂ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပလာခဲ့သော ဤမြန်မာ့ရိုးရာ သုခုမ ပညာပြိုင်ပွဲကြီးတွင် မြန်မာ့ဇာတ်သဘင်ပညာကို လူကသောဇာတ်၊ အရုပ်က သော ရုပ်သေးဇာတ်နှင့် ပြိုင်လာခဲ့ရာ ၂၀၀၈ ခုနှစ်မှစ၍ ကွက်စိပ်ဇာတ်နှင့် ပြဇာတ်တို့ကိုပါ ထည့်သွင်းပြိုင်လာခဲ့သည်။

မြန်မာ့ဇာတ်သဘင်တွင် တင်ဆက်မှုပုံစံအမျိုးမျိုး ထွန်းကားခဲ့ရာ (၁)နိပါတ်ခင်း၊ (၂)မြေဝိုင်းဇာတ်၊ (၃)ကွက်စိပ်၊ (၄)ရုပ်သေး၊ (၅)လူကသော ဇာတ်၊ (၆)ပြဇာတ်ဟူ၍ ခြောက်မျိုးရှိသည်။ သုတေသီပညာရှင်ကြီးများ အဆို အရ ဇာတ်သည်နတ်ကိုးကွယ်မှုအရ ပေါ်ထွန်းလာကြောင်း၊ ရှေးအီဂျစ်၊ ခေါမ၊ ရောမတို့ နတ်ပွဲကျင်းပကြသောအခါ နတ်တို့၏ဖြစ်စဉ်သမိုင်းကို သရုပ်ဖော်၍ ခင်းကျင်းပူဇော်ကြကြောင်း၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန် စသော ဘာသာကြီးများ ပေါ်ထွန်းလာသောအခါ ဗုဒ္ဓဘုရား၊ ခရစ်တော်တို့၏ ဘဝဖြစ်စဉ်ကို ဖော်ထုတ် သရုပ်ဆောင် ခင်းကျင်းပူဇော်ကြကြောင်း၊ ထို့ကြောင့် ဗုဒ္ဓဘာသာထွန်းကား လာသော မြန်မာနိုင်ငံတွင် နိပါတ်ခင်းများသည် ရှေးကျသောဇာတ်ပင်ဖြစ် ကြောင်း သိရသည်။ ဗုဒ္ဓ၏ဇာတ်နိပါတ်တော်များမှ ဇာတ်ထုပ်တစ်ခုကို ထင်ရှားသော အခန်းများအား လူကိုယ်တိုင်သရုပ်ဆောင်စေပြီး ဘုရားပွဲအခါ များတွင် ခြေကျင်တန်းစီလျှောက်၍လည်းကောင်း၊ လှည်းပေါ်တွင်တင်၍လည်း ကောင်း စကားမပြော၊ မလှုပ်မရှား၊ သီချင်းမဆို၊ ဂီတမပါ၊ သက်ငြိမ်ပြသော ဇာတ်ကို နိပါတ်ခင်းဟုခေါ်သည်။ ယနေ့အထိ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရား ပွဲတော်များတွင် ''လူဇာတ်ခင်း''ဟူ၍ ယင်းသို့ ခင်းလျက်ရှိသေးသည်။ ခရစ္စမတ်ပွဲတော်တွင် ခရစ်တော်မွေးဖွားပုံကို ခင်းကျင်းပြသသော ပင်တိုမိုင် (Pantomins) ကဲ့သို့ ဖြစ်ပါသည်။

မြေဝိုင်းဇာတ်သည် သရုပ်ဆောင်မင်းသားတစ်ဦး၊ သရုပ်ဆောင်မင်းသမီး တစ်ဦးနှင့် ဇာတ်ပို့တစ်ဦး၊ သုံးဦးနှင့်မည်သည့်ဇာတ်မဆို ကနိုင်သည်။ တူရိယာ ဝိုင်းတွင် ခြောက်လုံးပတ်၊ နှဲ၊ လင်းကွင်း၊ ဝါးလက်ခုပ်၊ ပလွေသာပါသည်။ ဇာတ်မင်းသားသည် ခေါင်းပေါင်း၊ ဖျင်အင်္ကျီ၊ မဲပြာပုဆိုး၊ ဇာတ်မင်းသမီးသည် ဆံမြိတ်ချဆံထုံး၊ ဖျင်ထိုင်မသိမ်းနှင့် အနားရှည်မပါ၊ မဲပြာထဘီဝတ်၊ သနပ်ခါး လိမ်း၊ ဇာတ်ပို့အမျိုးသားမှာ စွပ်ကျယ်၊ ဖျင်လုံချည်၊ ခေါင်းတွင် မျက်နှာသုတ် ပဝါပေါင်း၊ အဝတ်အစားအပြောင်းအလဲမရှိ၊ လက်ဝတ်လက်စားမပါဘဲ ကပြ သရုပ်ဆောင်သည်။ ဘုရားဝင်း၊ သလင်း၊ ကွင်းပြင် နေရာတွင် ကမည့်အကွက် အဝိုင်းတစ်ဝိုက် ရေနံချေး၊ ကညင်ဆီတို့နှင့် ထွန်းသော မီးတုတ်ကြီးများ စိုက်ထားပြီး မြေပြင်ပေါ်တွင် ကသည်။ ညဥ့်ဖနာရီခန့် ပွဲစသည်။ ပွဲကြည့် ပရိသတ်သည် မြေပြင်တွင် ဝိုင်းထိုင်ကြည့်ကြသည်။ ကသူရော၊ ကြည့်သူပါ အပေါ့အပါးသွားရန်၊ ကွမ်းဆေး လက်ဖက်စားရန် မကြာခဏနားပေးသည်။ ပွဲကသူတို့မှာမူ ပွဲကစဉ်မှာပင် ဆေးပေါ့လိပ်ဖွာ၊ ကွမ်းဝါး၊ လက်ဖက်စား လုပ်ကြသည်။ ပရိသတ်ထဲက မီးတုတ်များကို လောင်စာဆီဖြည့်ပေးကြသည်။ မြေဝိုင်းဇာတ်သည် ကျေးရွာအနှံ့ရောက်ပြီး ဗြိတိသျှကိုလိုနီခေတ်ဦးအထိ ရှင်သန်ခဲ့သည်။ ဤမြေဝိုင်းဇာတ်၏ကျေးဇူးကြောင့် ဗုဒ္ဓဘာသာမြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပျံ့နှံ့ပြီး ထိန်းသိမ်းနိုင်ခဲ့သည်။

ကွက်စိပ်သည် မြေဝိုင်းဇာတ်ထက်စောသည်ဟုလည်း ဆိုကြသည်။ ဇာတ်၊ နိပါတ်၊ ရာဇဝင်၊ ပုံပြင်၊ ဘုရားသမိုင်း၊ နတ်သမိုင်းတစ်ခုခုကို ပုဂ္ဂိုလ် တစ်ဦးတည်းက အသံ၊ ဟန်ပန်အမူအရာ၊ ဇာတ်စကားများနှင့် ဇာတ်ကောင် အားလုံး၏ အခန်းများကို ပိုင်နိုင်စွာ ခင်းကျင်းတင်ဆက်သည်။ ဆိုင်ရာ ဆိုင်းတီးသံကိုပင် သူ၏ပါးစပ်နှင့် ပါးစပ်ဆိုင်းတီးပေးနိုင်သည်။ ကွက်စိပ်ဆရာ သည် အများအားဖြင့် လူလတ်၊ လူကြီး အမျိုးသားများဖြစ်ပြီး ဥပဓိရုပ်ကောင်း ခြင်း၊ အသံသြဇာရှိခြင်း၊ အသံတုလုပ်နိုင်ခြင်း၊ လောက၊ ဓမ္မ၊ ရာဇ အကြောင်း သုံးပါးကို သိခြင်း၊ စာပေကျမ်းဂန်၊ ပါဠိ၊ သုခုမပညာများနှင့် ပြည့်စုံခြင်း၊ မျက်မှောက်ခေတ်ရေးရာများ လေ့လာမှုရှိခြင်း၊ ဖြတ်ထိုးဉာဏ်၊ ဟာသ ဉာဏ်ရှိရခြင်းဟူသော အရည်အချင်းများနှင့် ပြည့်စုံရပါသည်။ အဟောအပြော ကောင်း၍ အာဝဇ္ဇန်းရွှင်သူကိုပင် ကွက်စိပ်ဆရာဟု တင်စားသည်။ မြန်မာ့ ရုပ်မြင်သံကြားတွင် တိပ်ခွေနှင့် မှတ်တမ်းတင်ထားပြီး မကြာခဏ လွှင့်ပေးနေ သော ကွက်စိပ်ဆရာကြီး တွံတေးဆရာညွန့်(ကွယ်လွန်)၏ ဗုဒ္ဓဝင်ဇာတ် ကွက်စိပ်များသည် ရွှေမန်းတင်မောင်၊ စိန်အောင်မင်းတို့၏ ဗုဒ္ဓဝင်ဇာတ်များနှင့် ယှဉ်နိုင်သည်။ ကွက်စိပ်သည် မြေဝိုင်းဇာတ်ကဲ့သို့ လုံးဝပျောက်ကွယ်မသွားဘဲ ရှိနေရာ ယခုအခါ နိုင်ငံတော်၏ ထုတ်ဖော်အားပေးယှဉ်ပြိုင်မှုတွင် ထည့်သွင်း ပေးသောကြောင့် ကွက်စိပ်မျိုးဆက်သစ်များ စင်ပေါ်တွင် မြင်တွေ့လာရ လေပြီ။

အမြင့်သဘင်ဟုတွင်ခဲ့သော ရုပ်သေးဇာတ်သည် လူကသောဇာတ်ထက် စော၍ပေါ်ထွန်းလာသည်ဟု ဆိုကြသည်။ ကျောက်စာ၊ နံရံ၊ ပန်းချီ၊ ပန်းပု၊ ပေ၊ ပုရပိုက်၊ သမိုင်းမှတ်တမ်းများ၊ တေး၊ သီချင်းများကို ကိုးကားပြီး ''ရုပ်သေးအစ၊ ကျုံးသုံးတန်နှင့် ပုဂံက''ဟူသော လေပြည်ထိုးတွင်ပါသော စာရှိခဲ့သည်။ အားလုံးမြင်နိုင်စေရန်လည်းကောင်း၊ လူမဟုတ် အရုပ်များဖြစ်၍ အဂါရဝမဖြစ်နိုင်သောကြောင့်လည်းကောင်း၊ စင်ပေါ်တွင်တင်ဆက်ရသော ဇာတ်ဖြစ်၍ အမြင့်သဘင်ဟုတွင်ပြီး အခြားအားလုံးသော သုခုမပညာ တင်ဆက်မှုတို့ကို မြေပြင်တွင်ဖျော်ဖြေရ၍ အနိမ့်သဘင်ဟုခေါ်သည်။ မြန်မာ့ ရုပ်သေးသည် ကြိုးဆွဲရုပ်သေးဖြစ်ပြီး အစဉ်အလာ၊ ဓလေ့ထုံးစံ၊ စည်းကမ်း အလွန်ကြီးသည်။ ရုပ်သေးရုပ်ထုလုပ်၊ ဝတ်စားဆင်ယင်၊ လမိုင်းတင် အသက် သွင်း၊ စင်တိုင်၊ စင်ပေါ်ကပြမှု ထုံးတမ်းများမှသည် ရုပ်သေးစင်ဆောက်မှု၊ ရုပ်သေးရုပ်များ ထိန်းသိမ်းမှုနှင့် ကြိုးဆွဲပညာရှင်တို့၏ အရည်အချင်းများ အပါအဝင် သမားစဉ်၊ ရိုးရာကို လိုက် နာကြရသည်။ ကုန်းဘောင်ခေတ် မင်းများသည် ရုပ်သေးသဘင်ဆိုင်ရာ အမိန့်တော်များ ထုတ်ပြန်၍ သဘင် ဝန်ခန့်ပြီး သုခုမပညာ တင်ဆက်မှု များကို ကြီးကြပ်စေသည်။ ထိုစဉ်က မြန်မာမင်းများထံ ရောက်လာကြသော အင်္ဂလိပ်၊ ပြင်သစ် သံအမတ်တို့သည် မြန်မာ့ရုပ်သေးသဘင် ကြည့်ခွင့်ရပြီး အဆင့်အတန်းမြင့်ကြောင်း သူတို့၏ မှတ်တမ်းများတွင် ရေးသားဖော်ပြခဲ့ ကြသည်။ ယနေ့အထိ မြန်မာ့ရုပ်သေး သဘင်သည် နိုင်ငံတကာစင်မြင့်တွင် တင့်တယ်လျက်ရှိနေကြောင်းကို ပြည်ပ ထွက်၍ တင်ဆက်နေကြသော မြန်မာ့ ရုပ်သေးအဖွဲ့တို့က သက်သေပြုနေ ကြသည်။ ၁၉၇၇ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်များက ဩစတြေးလျနိုင်ငံမှ ရောက်လာသော ကြိုးဆွဲရုပ်သေးအဖွဲ့ ရန်ကုန်မြို့ လဟာပြင်ဇာတ်ရုံကြီးတွင် တင်ဆက်ကပြရာ အလွန်အောင်မြင်သည်။ ရုပ်သေးဆရာက မြန်မာ့ကြိုးဆွဲ ရုပ်သေးမှ နည်းနာပညာကို အတုယူပြီး တီထွင်ခဲ့ကြောင်း ဝန်ခံပြောသွားပါသည်။

အမြင့်သဘင်ဟု ခေါ်တွင်သော ရုပ်သေးဇာတ်၏ ကြိုးဆွဲပညာဖြင့် တင်ဆက်ကပြသော ရုပ်သေးဇာတ်ဝင်ခန်း တစ်ခုကို ဤသို့ တွေ့ရသည်။

လူကသောဇာတ်သည် အနိမ့်သဘင်ဖြစ်သည်နှင့် မြေပြင်တွင် ကခဲ့ကြ သည်။ ပွဲကသော ကွက်လပ်ကိုဝိုင်း၍ ဆောက်ထားသော မင်းစင်များပေါ်တွင် ရာထူးဝါစဉ်အလိုက် ပွဲကြည့်ပရိသတ်တို့ ထိုင်ကြည့်ကြသည်။ ထိုမှတစ်ဆင့် ထီးဖြူရုံဆောက်ပြီး ရုံသွင်းကလာသည်။ ပိတ်ဖြူများ မိုးကာထားသော ထီးပုံစံရုံ အတွင်း ကသည်။ မြေပြင်တွင်ပင်ကကြပြီး မင်းစင်များပေါ်တွင် ရာထူးဝါစဉ် အလိုက် ပွဲကြည့်ပရိသတ် ထိုင်ကြည့်ကြသည်။ ပုရပိုက်ဖြူများတွင် ထီးဖြူရုံ ဇာတ်ပွဲများကို ပန်းချီရေးခြယ်မှတ်တမ်းတင်ထားသည်ကို တွေ့ရဖူးသည်။ ရတနာပုံ ခေတ်တွင် ရွှေနန်းတော်၌ ပွဲကြည့်ဆောင်ဟူ၍ အဆောင်တစ်ခုထည့်သွင်း ဆောက်လာသည်။ ထိုအဆောင်တွင် ဇာတ်ခုံပါလာပြီး အဆောင်တစ်ခုလုံးမှာ ဇာတ်ကရုံ Theatre Hall ပုံစံဝင်လာလေပြီ။ သီပေါမင်းလက်ထက် အတွင်း တော်သို့ ဝင်စေထွက်စေခွင့်ရသော အင်္ဂလိပ်လူမျိုး ကာနယ်စလေဒင်သည် နန်းတွင်း ဇာတ်ရုံတွင် မြန်မာဇာတ်များ ကြည့်ခွင့်ရသည်။ ငွေတောင်ဇာတ် (မနောဟရီ)ကို ကြည့်ဖူးပြီး Silver Hill အမည်နှင့် ယင်းဇာတ်ကို သူက အင်္ဂလိပ်ဘာသာပြန်သည်။ ကိန္နရီကိန္နရာများ ပျံတက်ပုံကို စက်ကြိုးနှင့်ဆွဲ သရုပ်ဆောင်ခြင်း၊ နဂါးများမြေလျှိုးခြင်းကို ဇာတ်ခုံကြမ်းပြင်ဖွင့်ပြီး ဆင်းသွား ခြင်း စသော ဇာတ်ခုံအဆင်အပြင်၊ ဆက်တင်များ ခမ်းနားကြောင်းကို ချီးကျူး ထားသည်။ ထိုစဉ်က အင်္ဂလန်တွင်ထုတ်ဝေသော လန်ဒန်ဂေဇက်တွင် ပန်းချီပုံ များနှင့် ဖော်ပြထားသည်ကို တွေ့ဖူး၊ ဖတ်ဖူးပါသည်။

သီပေါမင်းနှင့် မိဖုရား ပါတော်မူသွားပြီးနောက် မြန်မာဇာတ်သဘင် ကစဉ့်ကလျားဖြစ်ကာ မြန်မာနိုင်ငံအောက်ပိုင်းသို့ ရောက်သွားကြသည်။ သို့သော် ပျောက်ကွယ်မသွားဘဲ တစ်ခေတ်ဆန်းပြီး တစ်စခန်းထလာပါသည်။ ပြည်ပမှ ဝင်လာသော ဇာတ်သဘင်တို့မှ ကောင်းနိုးရာရာကို မြန်မာပုံစံသွင်းပြီး မြန်မာ ဇာတ်သဘင်တွင် ထည့်သွင်းအသုံးချလာသည်။ ကြည့်ချင်ပွဲများစွာတွင် တင်ဆက်ကပြရုံသာမက ကိုယ်ပိုင်ဇာတ်အဖွဲ့ကြီးများဖွဲ့၍ ယာယီဇာတ်ရုံများ၊ ရွက်ဖျင်ရုံများတွင် ရုံသွင်းကပြလာကြသည်။ ရထား၊ သင်္ဘောများငှားပြီး မြို့ပြအသီးသီးသို့ အရောက်သွား ကပြကြသည်။

ပြဇာတ် (Plays) သည် ညောင်ရမ်းခေတ်မှအစပျိုးလာခဲ့ပြီး ကုန်းဘောင် ခေတ်နှောင်းတွင် ဦးကြင်ဥ၊ ဦးပုည အစရှိသော ပြဇာတ် ဆရာကြီးတို့၏ တီထွင်မှုကြောင့် ထိုးဇာတ်များအပါအဝင် ညလုံးပေါက် ပြဇာတ်များကိုပင် ကပြလာကြသည်မှာ ကိုလိုနီခေတ်အထိပင် ဖြစ်သည်။ ကိုလိုနီခေတ်တွင် ရုပ်ရှင်အစရှိသော ပြည်ပမှ ခေတ်ဆန်ဆန်ဖျော်ဖြေမှုများ ဝင်ရောက်လာသော် လည်း မြန်မာဇာတ်သဘင် ကျဆင်းပျောက်ကွယ်မသွားဘဲ တီထွင်ကြံဆ စန်းထလျက်ရှိဆဲဖြစ်သည်။ ဇာတ်ရှေ့ပိုင်း၌ယိမ်းများ၊ အကများအစား အနောက် တိုင်းမှ အော်ပရာ(Opera)ခေါ် တေးဆိုဇာတ်ကို အတုယူပြီး မြူးမြူး ကြွကြွ လှုလှုပပနှင့် အချိန်တိုတို တင်ဆက်မှုများကို တီထွင်လာကြသည်။ ထိုမှတစ်ဖန် ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးလောက်တွင် လူဘိုင်စကုတ်၊ လူဓာတ်ရှင်ခေါ်သော တင်ဆက်မှုများကို မြန်မာ့ဇာတ်သဘင်တွင် ထွင်လာကြသည်။ နန်းဝတ်နန်းစား၊ အဆိုအငိုများမဟုတ်ဘဲ ရုပ်ရှင်(ဝါ)ဓာတ်ရှင်အတိုင်း ခေတ်အဝတ်အစား၊ အပြော အဆို၊ အိုက်တင်၊ ဒိုင်ဗင်၊ ဖိုက်တင်၊ စတန့်များနှင့် ဇာတ်ခုံပေါ်တွင် ပိတ်ကား ပေါ်မြင်ရသည့်အတိုင်း တင်ဆက်သော လူဓာတ်ရှင်၊ လူဘိုင်စကုတ်များ ပေါ်လာ သည်။ နာမည်ကြီး ရုပ်ရှင်မင်းသား မင်းသမီးကို အတုယူပြီး ချစ်ကြိုက်ခန်း၊ ထိုးသတ်ပုတ်ခန်း၊ စတန့်များကိုပါ ခေတ်ပေါ်တီးဝိုင်းနှင့် တင်ဆက်လာသည်။ နောက်ပိုင်းတွင်မှ ရိုးရာဇာတ်ကြီးကိုခင်းသည်။

ဂျပန်ခေတ်တွင် ဖလင်ကော်ပြားမရှိ၊ ညမှောင်ချထားရပြီး ရုပ်ရှင်ရုံ များ ပိတ်ထားရသောကြောင့် နေ့ခင်းကပြသော ပြဇာတ်များပေါ်လာသည်။ ရန်ကုန်မြို့ ကန်တော်ကြီးစောင်းတွင် မြိုင်ရုံခေါ် ယာယီဇာတ်ရုံတွင် တင်ဆက် သော ခေတ်ပြဇာတ် (Modern Plays) များ ခေတ်စားလာသည်။ ထိုခေတ် ပြဇာတ်များတွင် ရုပ်ချောအသံကောင်း သရုပ်ဆောင်မင်းသား မင်းသမီးများ၊ ဟာသပြောင်မြောက်သော လူရွှင်တော်များ၊ လူကြမ်း (Villain) များ၊ ပြဇာတ် ဆရာ၊ ဒါရိုက်တာများ၊ ဂီတမှူးများ၊ သီချင်းဆရာများကြောင့် လူကြိုက် များသော ခေတ်ပြဇာတ်များ ပေါ်ထွက်လာရာ စစ်ပြီးခေတ်တွင် ရုပ်ရှင်ရိုက်၍ ပြသောအခါတွင်လည်း ကျော်ကြားသည်။

စစ်ပြီးခေတ်တွင်လွတ်လပ်ရေးရရေး၊ နိုင်ငံကိုပြန်လည်တည်ထောင်ရေး၊ စစ်ဘေးဒဏ်များ ဖယ်ရှားရေး စသော ပြဿနာများနှင့် ရင်ဆိုင်နေရချိန်တွင် စိတ်ဓာတ်မြှင့်တင်ပေးရန်နှင့် နေ့စဉ် စားဝတ်နေရေး သောကများကို ရယ်သွမ်း ကာ မောင်းထုတ်ပစ်ရန် စိတ်အပန်းဖြေ (Slap Stick) ပြဇာတ်တိုများကို တင်ဆက်လာသည်။ ကာဒွေးရုံ၊ ဝင်းဝင်းရုံ အစရှိသော Play Houseများ တွင် စဉ်ဆက်မပြတ် တင်ဆက်လိုက်သော မော်ဒန်ပြဇာတ်များသည် ဇာတ် လမ်း ဇာတ်ကွက်၊ စီစဉ်ညွှန်ကြားမှု၊ သရုပ်ဆောင်၊ ဇာတ်ဝင်သီချင်းနှင့် ဇာတ်ဝင် ဂီတ၊ ဇာတ်ခုံအပြင်အဆင်၊ အသံ၊ မီး အရာခပ်သိမ်းတွင် ထိုခေတ်က ကမ္ဘာ့အဆင့်အတန်းထက် မနိမ့်ခဲ့ပါ။ မြန်မာ့ Slap Stick ဇာတ် ကြည့်ဖူး သော အနောက်နိုင်ငံသားအချို့ ထိုခေတ်က အင်္ဂလိပ်သတင်းစာများတွင် ချီးကျူးမှတ်ချက်များ ရေးခဲ့ကြပါသည်။ ပြည်ပသို့ပင် သွားရောက်ကပြရန် စိတ်ကူးရှိခဲ့ကြသည်။

အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ်နေသော ခေတ်ပြဇာတ် (Modern Play) ကို ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ထည့်သွင်းလာသောကြောင့် နာလန်ထ လာရုံမက စန်းပွင့်လာပြန်သည်ဟု ဆိုရပါမည်။

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကြောင့် မျိုးဆက်သစ် မြန်မာတို့ မြန်မာ့ ယဉ်ကျေးမှုအမွေ ဆက်လက်ထိန်းနိုင်ကြပါစေ။ ။

မြန်မာမင်းများထံ ရောက်လာကြသော အင်္ဂလိပ်၊ ပြင်သစ် သံအမတ်တို့သည် မြန်မာ့ရုပ်သေးသဘင် ကြည့်ခွင့်ရပြီး အဆင့်အတန်းမြင့်ကြောင်း သူတို့၏ မှတ်တမ်းများတွင် ရေးသားဖော်ပြ မြန်မာ့ရုပ်သေးသဘင်သည် နိုင်ငံတကာစင်မြင့်တွင် တင့်တယ်လျက်ရှိနေကြောင်းကို ပြည်ပထွက်၍ တင်ဆက်နေကြသော မြန်မာ့ရုပ်သေးအဖွဲ့တို့က သက်သေပြုနေ။

ရန်ကုန်မြောက်ပိုင်းခရိုင် ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက်၉နာရီက လှိုင်သာယာမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဦးနေလင်း၊ ခရိုင် (အား/ကာ)လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလွင်၊ မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးနေလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)** ယင်းနောက် ပြိုင်ပွဲဝင် ဖူဆယ်ကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဖူဆယ်မြန်မာ့လက်ရွေးစင်နှစ်သင်း သရုပ်ပြယှဉ်ပြိုင်ကစားကြသည်။ အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂၃ရက်အထိ ပြိုင်ပွဲဝင်ရှစ်သင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

အကြိတ်အနယ်ရှိဦးမည့် MNL Cup ပြိုင်ပွဲ ဥဿဘယူနိုက်တက်နှင့် ရတနာပုံတို့ ထိပ်တိုက်တွေ့

သုံးသပ်ရေးသားသူ-စိုးမိုး (IBC) **စာမျက်နှာဖွဲ့စည်းမှု-သန်းအေး (မြန်မာ့အလင်း)**

*အောက်တိုဘာ ၂၂ရက် **(ယနေ့)** ညနေဆိုပါလျှင် MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကြီး၏ ဒုတိယအကျော့ ဒုတိယမြောက်ပွဲစဉ်ကို ဝါသနာရှင်ပရိသတ်များ ကြည့်ရှုခံစားရပေဦးမည်။ ထိပ်တိုက်တွေ့မည့်နှစ်သင်းက ပဲခူးတိုင်းကိုယ်စားပြု ဥဿဘယူနိုက်တက်အသင်းနှင့် မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းတို့ဖြစ်သည်။*

ပြန်ကြိုးစားလိမ့်မည်

ပြီးခဲ့သော MNL Cup ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ရတနာပုံအသင်းမှာ ယခုအမှတ်ပေးပြိုင်ပွဲတွင်လည်း ထပ်ဆင့်ဗိုလ် စွဲနိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းခဲ့လေသည်။ သို့သော် ပထမအကျော့တွင် ဒယ်လ်တာယူနိုက်တက်အသင်းအား မန္တလေးတွင် ရှုံးခဲ့သည့်အတွက် ပထမနေရာမှ ဒုတိယနေရာကို ဆင်းပေးလိုက်ရသည်။ ထို့ကြောင့် ယခုဒုတိယအကျော့ပွဲစဉ်များတွင် ဇယားထိပ်ဆုံးသို့ ပြန်တက်နိုင်အောင် ရတနာပုံ အသင်းသားများ ရေကုန်ရေခန်း ကြိုးစားမှာသေချာသည်။

ဒုတိယအကျော့မတိုင်ခင် နိုင်ငံခြားသား နှစ်ဦးအား အစားထိုးခေါ်ယူထားပြီး အသင်းကို ပိုမိုတောင့်တင်းအောင် ပြင်ဆင်ထားသည့် ရတနာပုံအသင်း၏ ခြေစွမ်းပိုင်းကို စောင့်ကြည့်ရပေမည်။ ရန်ပိုင်၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုး၊ ပိုင်စိုး၊ ယဉ်မင်းအောင် တို့အပါအဝင် ကန္တန်ဆီယွန်၊ ကမ်ဘူး၊ ဘာဘိုတို့လို စိတ်ဓာတ်နှင့် ကစားအားကောင်းလှသော ပြည်ပမှ ကစားသမားများရှိနေသည့်အတွက် ပြိုင်ဘက်များ သတိထားရပေလိမ့်မည်။

လျှော့တွက်၍မရ

ဂျာမနီနည်းပြ ဂျာဂင်လက်ထဲတွင် တက်ရိပ်ပြလာပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားပုံတက်လာသော ဥဿဘယူနိုက်တက် အသင်းကိုလည်း ပြိုင်ဘက်များအထင်သေး၍ လုံးဝမရပေ။ အထူးသဖြင့် စိတ်ဓာတ်မာကျောပြီး ကြိုးစားမှုကောင်းလှသော ဥဿဘအသင်း၏ Team Work ကို အသင်းတိုင်းက အလေးထားလာကြသည်။ ယခုလည်း ဥဿဘအသင်းအနေဖြင့် လက်ရှိရပ်တည်မှုအဆင့်ထက် ပိုမြင့် တက်လာအောင် ဒုတိယအကျော့ပွဲစဉ်များကို ပိုမိုအားထည့်ကစားလာမည်ဖြစ်၍ ယခုပွဲတွင် ရတနာပုံအသင်း အမှားများများလုပ်မိလျှင် ခံစားသွားရဖွယ်ရှိသည်။ အထူးသဖြင့် ဥဿဘအသင်း၏ Fighting Sprit ကို လွယ်လွယ်ကူကူနှင့် ချေဖျက်၍မရသောကြောင့် ရတနာပုံ အသင်းအနေဖြင့် ပွဲချိန်ပြည့် အကောင်းဆုံးခြေစွမ်းဖြင့် ကြိုးစားကစားပြနိုင်မှသာ ရလဒ်ကောင်းဖွယ်ရှိသည်။

စောင့်ကြည့်ရမည်

အချုပ်ကိုတင်ပြရလျှင် ပထမနေရာကို ပြန်ယူချင်စိတ်ဖြင့် အထူးပြင်ဆင် ကြိုးစားကစားပြမည့် ရတနာပုံအသင်းနှင့် တစ်ပွဲချင်းကို ရလဒ်ကောင်းအောင် စနစ်တကျအကွက်ချကစားမည့် ဥဿဘယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့မည့် ပွဲစဉ်မှာ ဝါသနာရှင်နှင့် ပရိသတ်များ အတွက် စောင့်ကြည့်သင့်သော ပွဲကောင်းတစ်ပွဲဖြစ်မှာသေချာနေသည်။ ပထမအကျော့ မန္တလေးဗထူးကွင်းမှာ တွေ့ခဲ့စဉ်ကလို ရတနာပုံ ကပဲ နိုင်ပွဲဆက်ဦးမလား၊ သို့တည်းမဟုတ် ဥဿဘက ပထမအကျော့ ရှုံးကြွေးကို အတိုးရောအရင်းပါ ပြန်ဆပ်နိုင်မလား ဆိုသည်ကိုမူ ယနေ့ညနေ ၄နာရီတွင် သုဝဏ္ဏကွင်းသို့ လာကြည့်မှသာ အဖြေအတိအကျ သိရပါလိမ့်မည်။ ။ **(မြန်မာ့အလင်း)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁-၁၀-၂၀၀၉

ရန်ကုန်	၁ ဒသမ ၁၈ လက်မ
တောင်ကြီး၊ ဝ္ဂမြို့	ဝ ဒသမ ၆၃ လက်မ
ဖျာပုံ	ဝ ဒသမ ၄၄ လက်မ
လှိုင်ကော်၊ မုဒုံ	ဝ ဒသမ ၂ဝ လက်မ

သဃ်န်းကျွန်းမြို့နယ် ဆေးဝါးကျွမ်းကျင်သူများ ကုန်ထုတ်သမဝါယမအသင်း လီမိတက်၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၁၈ရက်က ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ ဦးစီးအရာရှိ(မြို့နယ်) ဒေါ်ရွှေအိမ်သူ အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

စတီဖင်ဟန်ဆန်လက်ထက် ပထမဦးဆုံး ရှုံးပွဲတွေ့ခဲ့တဲ့ ဧယျာရွှေမြေ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

ရန်ကုန် အောက်တိုဘာ ၂၁

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်များကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်းမှာ ပြန်လည်ကျင်းပရာဒယ်လ်တာယူနိုက်တက်အသင်းက ဧယျာရွှေမြေအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

ဒယ်လ်တာယူနိုက်တက် - သုံးဂိုး။
ဧယျာရွှေမြေ - တစ်ဂိုး။

ပထမအကျော့တုန်းက သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ရှုံးကြွေးကို ပြန်ဆပ်ပြီး ဒယ်လ်တာယူနိုက်တက်အသင်းနဲ့ အမှတ်ကွာဟမှုကို ကျဉ်းမြောင်းဖို့ ဧယျာရွှေမြေတို့ကြိုးစားခဲ့ပေမယ့် ထင်သလိုမဖြစ်ခဲ့ပါဘူး။ သူတင်ကိုယ်တင် ကစားနေချိန်မှာ ခံစစ်မှူးတွေဖြစ်တဲ့ မာတင်နဲ့အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂တို့ အနီကတ်ပြ ထုတ်ခံရတာကြောင့် ဧယျာရွှေမြေအသင်း ကိုးဦးတည်းနဲ့ ကစားခဲ့ရပြီး အနိုင်ကနေ ရှုံးနိမ့်ခဲ့ရတာပါ။ ပထမအကျော့ အပြီးမှာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့တဲ့ ဒယ်လ်တာယူနိုက်တက် အသင်းဟာ အခုပွဲမှာ ကစားပုံ အကောင်းကြီးမဟုတ်ပေမယ့် ရှစ်မိနစ်အတွင်း သုံးဂိုးသွင်းယူနိုင်ခဲ့လို့ အနိုင်ရခဲ့တယ်ဆိုရင် မမှားပါဘူး။

နှစ်ဝါတစ်နီ

ဧယျာရွှေမြေအသင်းနည်းပြချုပ် ဟန်ဆန်ဟာ အခုပွဲမှာလည်း နိုင်ပွဲဆက်ဖို့အတွက် သူသုံးနေကျကစားကွက်ဖြစ်တဲ့ ၄-၃-၃- ပုံစံနဲ့ပဲ ပွဲထွက်ခဲ့ပြီး တိုက်စစ်မှာ နိုင်ငံစိုးဝေအစား ကင်မရွန်းတိုက်စစ်မှူး ဘိုဘမ်ကို ထည့်သုံးတာကလွဲရင်အပြောင်းအလဲမလုပ်ခဲ့ပါဘူး။ တောင်ပံနှစ်ဖက်က ရာဇာဝင်းသိန်းနဲ့ ရဲဝေယံစိုးတို့ဟာ တိုက်စစ်ကို အကောင်းဆုံးပံ့ဖော်နိုင်ခဲ့ပြီး ဒယ်လ်တာ ယူနိုက်တက်ဘက်ကို ဖိအားပေးနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး ဘိုဘမ် ဂိုးရနိုင်တဲ့ အခွင့်အရေးနှစ်ကြိမ်ကို အသုံးမချနိုင်ခဲ့လို့သာ ဂိုးမရခဲ့တာပါ။ ၃၄ မိနစ်မှာ ဧယျာရွှေမြေ နောက်ခံလူ မာတင် နှစ်ဝါတစ်နီနဲ့အထုတ်ခံရပေမယ့် ကစားပုံကတော့ ပျက်မသွားခဲ့ပါဘူး။

ဧယျာရွှေမြေတိုက်စစ်မှူး ဘိုဘမ် ဒယ်တာယူနိုက်တက်ဘက်သို့ ခေါင်းတိုက်သွင်းယူရန် ကြိုးစားစဉ်။ (မြန်မာ့အလင်း)

ကိုးဦးတည်း

တစ်ယောက် လျော့နေပေမယ့် ဧယျာရွှေမြေအသင်းဟာ ဒယ်လ်တာယူနိုက်တက်ကို အပြန်အလှန်ကစားနိုင်ခဲ့ပါတယ်။ ဒီပွဲရဲ့ အပြောင်းအလဲကတော့ ၆၈ မိနစ်မှာ ဧယျာရွှေမြေ နောက်ခံလူ ဇော်လင်းထွန်း-၂ အထုတ်ခံရတာပါပဲ။ ဇော်လင်းထွန်း-၂နဲ့ ဒယ်လ်တာယူနိုက်တက်က အဲလ်ဗစ်တို့ သူဆွဲကိုယ်ဆွဲအနေအထားမှာ ကွင်းလယ်ဒိုင် ဦးကိုကိုနိုင်က ဒယ်လ်တာကို ပြစ်ဒဏ်ဘောကန်ခွင့်ပေးခဲ့ပြီး ဇော်လင်းထွန်း-၂ကို အဝါကတ်ပြခဲ့ပါတယ်။ ဒါကို ဇော်လင်းထွန်း-၂က မကျေနပ်လို့ ဒိုင်ကိုစောဒကတက်ရာမှာ ဦးကိုကိုနိုင်က ဒုတိယအဝါပြပြီး နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခဲ့တာပါ။ ကိုးဦးတည်း ဖြစ်သွားပေမယ့် ဧယျာရွှေမြေအသင်းရဲ့ စိတ်ဓာတ်ပိုင်းနဲ့ ကြိုးစားမှုကတော့ ချီးကျူးရမှာဖြစ်ပြီး တစ်ဂိုးရအောင် သွင်းပြနိုင်ခဲ့ပါတယ်။ ၇၂မိနစ်မှာ တိုက်စစ်မှူးဘိုဘမ်က ဧယျာရွှေမြေအတွက် ဂိုးသွင်းယူပေးခဲ့တာပါ။

ဆက်လက်ဦးဆောင်

အဲဒီနောက်ပိုင်းမှာတော့ ဒယ်လ်တာယူနိုက်တက် အသင်းဟာ ချေပဂိုးရဖို့ ကစားအားရော၊ တိုက်စစ်အားပါမြှင့်ခဲ့ပါတယ်။ နှစ်မိနစ်အကြာမှာ ချေပဂိုး ပြန်ရခဲ့ပြီး ညာခြမ်းက ချမ်းချမ်းကန်တင်ပေးတာကို မင်းမင်းသူက ပြေးဝင်ခေါင်းတိုက် သွင်းခဲ့တာပါ။ ချေပဂိုးရသွားလို့ ဒယ်လ်တာယူနိုက်တက်အသင်း စိတ်ဓာတ်တက်သွားပြီး တရစပ်ဖိကစားခဲ့ပါတယ်။ ဒယ်လ်တာယူနိုက်တက်အတွက်အနိုင်ဂိုးတွေကို ၇၆မိနစ်နဲ့ ၈၁ မိနစ်မှာ တိုက်စစ်မှူး စတန်လေ တစ်ဦးတည်းက သွင်းယူပေးခဲ့ပါတယ်။ ဧယျာရွှေမြေအသင်း ပေးလိုက်ရတဲ့ဂိုးတွေကတော့ ဂိုးသမားညီညီလွင်ရဲ့ အားနည်းချက်တွေကြောင့်လို့ ပြောလို့ရပါတယ်။ ဒီပွဲကိုအနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ဒယ်လ်တာယူနိုက် တက်အသင်းကတော့ ရှုံးပွဲမရှိ စံချိန်နဲ့ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ
ညနေ ၄ နာရီ
(သုဝဏ္ဏကွင်း)
ဥဿဘယူနိုက်တက်-ရတနာပုံ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၀၉
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ဓဇဂ္ဂသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အခြေခံဝိပဿနာ**တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း**(အပိုင်း-၂၁)
- ၈:၃၀ Sports World(Players' Live)
- ၈:၅၅ **မက်မဆုံးတဲ့ပြက်လုံးများ** ချစ်လူလူ၊ စတားကောင်းထက်၊ ယုန်လေး
- ၉:၁၅ Splendid Guangxi
- ၉:၃၀ The Search for a Superstar
- ၁၀:၂၅ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
- ၁၀:၄၅ မေတ္တာစိမ့်စမ်း မခန်းလေသူ
- ၁၁:၀၅ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
- ၁၁:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာကောင်းမြတ်နှင့် တွေ့ဆုံခြင်း)
- ၁၁:၄၀ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံတက္ကသိုလ်ဆိုင်ရာ သိကောင်းစရာ
- ၁၂:၁၀ တေးဂီတအစီအစဉ်
- ၁၂:၂၅ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ အောင်မြင်ကျော်ကြား ရုပ်ရှင်ဇာတ်ဝင်တေးများ Live Show ည
- ၁:၀၀ **အခြေခံဝိပဿနာ**တရားတော် (ဆရာတော် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Fashion Music Festival (Park Royal Wedding Fair-2)
- ၃:၄၅ မေတ္တာစိမ့်စမ်း မခန်းလေသူ
- ၄:၁၀ Splendid Guangxi
- ၄:၃၀ ရန်ကုန်မြင်ကွင်းကျယ် (The Miss Red Ribbon Beauty Contest)
- ၅:၀၀ အလှနုဖြာ အကမုဒြာ ပဒေသာယိမ်းအက (ရန်ကုန်ပန်တျာကျောင်း)
- ၅:၀၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
- ၅:၃၀ ဂီတသရုပ်ပြခန်း (Moe Moe တနင်္ဂနွေမိုးရေစက်များ)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာကောင်းမြတ်နှင့် တွေ့ဆုံခြင်း)
- ၆:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Love Songs Live Show)
- ၇:၀၅ Fashion Music Festival (Park Royal Wedding Fair-2)
- ၇:၅၀ Box Office Movies(Wall-E)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **မက်မဆုံးတဲ့ပြက်လုံးများ** ချစ်လူလူ၊ စတားကောင်းထက်၊ ယုန်လေး
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း**(အပိုင်း-၂၁)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ **အားကိုးအားထား** ဖိုးသောကြာ၊ အကယ်ဒမီမိုးဒီ၊ ဦးခိုင်တင်၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-ကောင်းမြတ်)
- ၁၂:၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ အောင်မြင်ကျော်ကြား ရုပ်ရှင်ဇာတ်ဝင်တေးများ Live Show ည
- ၁၂:၂၅ တူးမြောင်းများ စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း
- ၁၂:၃၅ မြေလတ်ဒေသ၏ လက်ဆောင်
- ၁၂:၄၅ **တက္ကဆီမီတာ သင်လိုရာ** ဇေယျ၊ ရိုတ၊ ပန်းအိခိုင် (ဒါရိုက်တာ-ဇာဏီထက်လင်း)
- ၁၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Love Songs Live Show)
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဘောလုံးသမိုင်းမှတ်တိုင် စိုက်ထူခဲ့သော ဖီဖာနှင့် ဆပ်ဘလတ္တာ

မြင့်စိုး - စုစည်းရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

လန်ဒန် အောက်တိုဘာ ၂၁

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကို တောင်အာဖရိကနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် အသင့်ပြင်ဆင်ထားပြီးဖြစ်သည်။

ထိုကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရေး ကမ္ဘာတစ်ဝန်း ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ရမှာလည်း မကြာမီပြီးစီးတော့မည်ဖြစ်သည်။ ဤကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးသည် ကမ္ဘာတစ်ဝန်းမှ နာမည်ကြီး နိုင်ငံကိုယ်စားပြု ဘောလုံးအသင်းများ ပါဝင်ကစားမည်ဖြစ်၍ ဘောလုံးရသကို အပြည့်အဝ ပေးစွမ်းနိုင်မည့် ပြိုင်ပွဲကြီးဟုဆိုလျှင် မည်သူမျှ အငြင်းပွားကြမည်မဟုတ်ပေ။

အဓိကဦးဆောင်

ထိုမျှအောင်မြင်ကျော်ကြား လူကြိုက်များခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို အဓိကဦးဆောင်ဦးရွက်ပြုနေသည့် အဖွဲ့အစည်းမှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံး ဘောလုံးအသင်းများ ပါဝင်စေခဲ့သည့် ဖီဖာအကြောင်း လေ့လာတင်ပြရန် အကြောင်းဖန်လာခဲ့ပေသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကို ၁၉၀၄ ခုနှစ် မေလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဖွဲ့စည်းထူထောင်ခဲ့လေသည်။ စတင်ဖွဲ့စည်းထူထောင်စဉ်က ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ နယ်သာလန်၊ စပိန်၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ ပါဝင်သည်။ ယင်းဖွဲ့စည်းထူထောင်ပြီး မကြာမီ ဂျာမနီဘောလုံးအသင်းသည်လည်း ဖီဖာအဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဖီဖာအဖွဲ့ဝင်နိုင်ငံအသင်းများ မှန်မှန်တိုးလာခဲ့ရာ ၂၁ သင်းအထိ ရှိလာသည်။

၁၉၂၅ခုနှစ် ရောက်လာသည့်အချိန်တွင် အဖွဲ့ဝင်နိုင်ငံအသင်း ၃၆ သင်း၊ ၁၉၃၀ ပြည့်နှစ်တွင် ၄၁ သင်း၊ ၁၉၃၈ ခုနှစ်၌ ၅၁ သင်းအထိ ရှိလာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြောင့် ဖီဖာ၏ လုပ်ငန်းအရှိန်အဟုန် တန့်သွားခဲ့သော်လည်း ၁၉၅၀ပြည့်နှစ်တွင် ဖီဖာအဖွဲ့ဝင်နိုင်ငံအသင်း ၇၃သင်း အထိ တိုးလာခဲ့သည်။

ဖီဖာအဖွဲ့ဝင်ဘောလုံးအသင်းများနှင့် ဘောလုံးသမားများသည် ဖီဖာကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရသည်။ ဖီဖာ၏ပထမဆုံးသော ညီလာခံကို ၁၉၀၄ ခုနှစ် မေ ၂၃ရက်တွင်ကျင်းပပြီး ရောဘတ်ဂူရင်အား ဖီဖာ၏ပထမဆုံးသော ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ယင်း၏ အောက်တွင် ဆွစ်ဇာလန်နှင့် နယ်သာလန်တို့မှ ဒုတိယဥက္ကဋ္ဌ နှစ်ဦးရှိသည်။

"ကမ္ဘာ့ဘောလုံးလောက တိုးတက်ရေး ဆက်လက်ကြိုးစားနေပါတယ်"

ဆပ်ဘလတ္တာ

သို့သော် ၁၉၀၉ခုနှစ်အထိ ဖီဖာတွင် ဥရောပနိုင်ငံကိုယ်စားပြု အသင်းများသာ ပါဝင်ကစားခဲ့သည်။ ၁၉၀၉-၁၉၁၀ ဘောလုံးရာသီမှစပြီး တောင်အာဖရိက ဘောလုံးအသင်းသည် ပထမဆုံးသော ပင်လယ်ရပ်ခြား အဖွဲ့ဝင်အသင်း ဖြစ်လာသည်။ ၁၉၁၂ ခုနှစ်တွင် အာဂျင်တီးနားနှင့် ချီလီတို့ကအဖွဲ့ဝင်အဖြစ် ဝင်ရောက်လာသည်။ ၁၉၁၃ ခုနှစ်တွင် အမေရိကန်အသင်းအဖွဲ့ဝင်ဖြစ်လာခဲ့သည်။

ပထမဆုံးကမ္ဘာ့ဖလား

ပထမဆုံးသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၁၉၃၀ပြည့်နှစ် ဇူလိုင် ၁၈ရက်တွင် ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့ရှိ စန်တန်နရီအားကစားကွင်းကြီး၌ ကျင်းပခဲ့သည်။ ယခုအခါ ဖီဖာအဖွဲ့ဝင်နိုင်ငံ အသင်း ၂၀၄ သင်းအထိ ရှိလာပြီဖြစ်သည်။ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို လေးနှစ်တစ်ကြိမ် ကျင်းပသည်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကို ဖီဖာက ဆုံးဖြတ်သည်။

လက်ရှိဖီဖာဥက္ကဋ္ဌ

လက်ရှိဖီဖာဥက္ကဋ္ဌမှာ အသက်၇၃နှစ်ရှိပြီ ဖြစ်သော ဂျိုးဇက်ဆပ်ဘလတ္တာဖြစ်သည်။ သူသည် ဆွစ်ဇာလန်နိုင်ငံသားဖြစ်ပြီး ၁၉၉၈ခုနှစ်က ဥက္ကဋ္ဌတာဝန်ယူခဲ့သည်။ ၂၀၀၇ခုနှစ်က တတိယအကြိမ်အထိ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပြီး ဖြစ်သည်။ ဖီဖာဥက္ကဋ္ဌရာထူး သက်တမ်းမှာ လေးနှစ်ဖြစ်သည်။ ဆပ်ဘလတ္တာသည် ၂၀၁၁ခုနှစ်အထိ ယင်းဥက္ကဋ္ဌရာထူးကို ဆက်လက်တာဝန်ထမ်းဆောင်ရေး ကြိုးစားလျက်ရှိသည်။ ကမ္ဘာတစ်ဝန်း ဘောလုံးအားကစားနည်းများ တိုးတက်လာစေရေး ဆက်လက်ကြိုးပမ်း အားထုတ်သွားမည်ဟူ၍လည်း ဆပ်ဘလတ္တာက ဆိုသည်။ ၎င်းသည် ရှစ်ဦးမြောက် ဖီဖာဥက္ကဋ္ဌ ဖြစ်သည်။ ယခုအခါ ဖီဖာအဖွဲ့ဝင်များနှင့် ဆပ်ဘလတ္တာတို့ ကြိုးပမ်းစိုက်ထူခဲ့သည့် ဘောလုံးသမိုင်းမှတ်တိုင်သည် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ဖြင့် အောင်လံတလူလူ လွှင့်ထူလျက် ဝံ့ကြွားနေဦးမည်ဖြစ်ပါကြောင်း။ ။

ကိုးကား - အင်တာနက်

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘက်ခမ်းပါဝင်ကစားခွင့်ရသင့်ဟုဆို



လန်ဒန် အောက်တိုဘာ ၂၁

ဒေးဗစ်ဘက်ခမ်းသည် ၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အင်္ဂလန်အသင်းတွင် ပါဝင်ကစားသင့်သူဖြစ်ကြောင်း အေစီမီလန်ကစားသမားဆီးဒေါ့က ပြောကြားသည်။

အသက် ၃၄ နှစ်ရှိ ကွင်းလယ်ကစားသမား ဘက်ခမ်းသည် အယ်လ်အေဂလက်ဆီအသင်းက ဇန်နဝါရီလတွင် အငှားချထားမည်ဖြစ်၍ အေစီမီလန်သို့ သွားရောက်ကစားလိမ့်မည်ဖြစ်သည်။

သုံးကြိမ်ပါဝင်ကစား

ဘက်ခမ်းသည် ပြီးခဲ့သောကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ကြောင်း၊ အင်္ဂလန်အသင်းအတွက် ကစားပေးနိုင်ဆဲဖြစ်ကြောင်း၊ ဘက်ခမ်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ သုံးကြိမ်တိုင် ပါဝင်ကစားခဲ့ပြီးဖြစ်ကြောင်း ဆီးဒေါ့က ပြောကြားသည်။ **(အင်တာနက်)**

ယူကရိန်း လက်ဝှေ့သမား ကလစ်ချ်ကို ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကာကွယ်မည်

လန်ဒန် အောက်တိုဘာ ၂၁

ယူကရိန်းလက်ဝှေ့သမားဗစ်တာလီ ကလစ်ချ်ကိုက ဒီဇင်ဘာ ၂၂ရက်တွင် အမေရိကန် လက်ဝှေ့သမား ကီဗင်ဂျွန်ဆင်အား အလဲထိုးနိုင်လျှင် တတိယအကြိမ်မြောက် ၎င်း၏ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အသက်(၃၈)နှစ်ရှိ ဗစ်တာလီကလစ်ချ်ကိုသည် မတ်လက ကားလို့စ်ဂိုမက်ကိုလည်းကောင်း၊ စက်တင်ဘာလက ခရစ်အာရီယိုလာကိုလည်းကောင်း ထိုးသတ်အနိုင်ယူပြီး ချန်ပီယံခါးပတ်ဆုများ ရယူထားခဲ့သည်။

ကီဗင်ဂျွန်ဆင်သည် ၂၃ပွဲရှုံးပွဲမရှိ ထိုးသတ်နိုင်သော လက်ဝှေ့သမားဖြစ်ပြီး အလဲထိုးပွဲ ကိုးပွဲ ထိုးသတ်နိုင်ခဲ့သူဖြစ်သည်။ (အင်တာနက်)

ချန်ပီယံလိဂ်အုပ်စုပွဲများ ယှဉ်ပြိုင် လီဗာပူးအိမ်ကွင်း၌ ရှုံးနိမ့်ခဲ့ရ

လန်ဒန် အောက်တိုဘာ ၂၁

ချန်ပီယံလိဂ်အုပ်စုဘောလုံးပြိုင်ပွဲများကို အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးတို့အိမ်ကွင်း၌ ပြင်သစ်ကလပ်လိုင်ယွန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲစသည်နှင့် ဂိုးသွင်းနိုင်ရေးအကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ပထမပိုင်းပွဲပြီးရန် ငါးမိနစ်အလိုတွင် ဘီနာယွန်းက လီဗာပူးအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော် ပွဲချိန်မိနစ် ၇၀တွင် ဂွန်နာလွန်းက လိုင်ယွန်အတွက် ချေပဂိုးသွင်းပြီး ပွဲသိမ်းချိန်၌ ဒယ်ဂါဒိုက လိုင်ယွန်အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

အာဆင်နယ်

အာဆင်နယ်က အယ်လ်ခမာကွင်းသို့ သွားရောက်ကစားရာတွင် ဖာဘရီဂတ်စ်က အာဆင်နယ်အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဒါဆီးဗားချေပဂိုးသွင်းယူခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့ရသည်။

လီဗာပူးကွင်းလယ်ကစားသမား ဂျရတ်၏ ထိုးဖောက်ကစားမှုကို တွေ့ရစဉ်။ (အင်တာနက်-ဓာတ်ပုံ)

အခြားပွဲရလဒ်များ

ဒီဘာရီစင်	၃ - ၄	ဖီအိုရင်တီးနား
ဘာစီလိုနာ	၁ - ၂	ရူဘင်ကာဇန်
အင်တာမီလန်	၂ - ၂	ဒိုင်နမိုကိဗ်
ရိန်းဂျားစ်	၁ - ၄	ယူနီရီယာ
စတုဂတ်	၁ - ၃	ဆီဗီလာ
အိုလံပီယာကို့စ်	၂ - ၁	စတန်းဒတ်လိဂ်

(အင်တာနက်)

အာကာဟိန်း စုစည်းသည်

အားကစားသတင်းအတိုအထွာ

အာကာကျော် စုစည်းသည်

ဟဲဗီးဝိတ်ချန်ပီယံ ဗာလုဗ် ဒေးဗစ်ဟေးလ်အား စိန်ခေါ်

ရုရှားလက်ဝှေ့သမား ဒဗလျူဘီအေဟဲဗီးဝိတ်ချန်ပီယံ နီကိုလေးဗာလုဗ်က ဗြိတိသျှလက်ဝှေ့သမား ဒေးဗစ်ဟေးလ်အား နိုဝင်ဘာ ၇ရက်တွင် နူရင်ဘတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်လိုက်သည်။

ကမ္ဘာ့တင်းနစ်ချန်ပီယံပြိုင်ပွဲ အင်ဒီရော့ဒစ်ပါဝင်ယှဉ်ပြိုင်မည်

ကမ္ဘာ့နံပါတ်အဆင့်(၆) ရှိ အမေရိကန်တင်းနစ်ကစားသမား အင်ဒီရော့ဒစ်သည် လာမည့်လတွင် လန်ဒန်မြို့၌ ကျင်းပမည့် ကမ္ဘာ့တင်းနစ်ချန်ပီယံများ ပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

စကော့တလန် ဂေါက်သီးကစားသမား မာတင် ပီဂျီအေဖလား ပထမဆုံးဆွတ်ခူး

စကော့တလန် ဂေါက်သီးကစားသမား မာတင်လတ်သည် လက်စ်ဗီးဂတ်စ်မြို့၌ ကျင်းပသော ပီဂျီအေတင်းနစ်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၉ချက် လျှော့ရိုက်ပြီး ပထမဆုံးပီဂျီအေ ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။

ဘာရာဇီးကွင်းလယ်ကစားသမား ဆန်ဒရိုအား စပါးက ပေါင်၁၄သန်းပေးခေါ်ယူမည်

ဘာရာဇီးကွင်းလယ်ကစားသမား ဆန်ဒရိုအား စပိန်ကလပ်များဖြစ်သည့် ရီးရဲမက်ဒရစ်၊ ဘာစီလိုနာတို့နှင့်အပြိုင် ပေါင် ၁၄ သန်းပေးပြီး ခေါ်ယူသွားမည်ဖြစ်ကြောင်း ပရီမီယာလိဂ်ကလပ်စပါးက ထုတ်ပြန်ကြေညာသည်။

ဂါနာလူငယ်တိုက်စစ်မှူးအား ချယ်လ်ဆီးခေါ်ယူစာချုပ်လို

ဘောလုံးကစားသမားသစ်များ ခေါ်ယူရေး ပိတ်ပင်ထားမှု ရုပ်သိမ်းပြီးလျှင် ဂါနာလူငယ်တိုက်စစ်မှူး ဒိုမီနစ်အော်ဒီရပ်အား ခေါ်ယူစာချုပ်လိုကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားသည်။

တိုက်စစ်မှူးဟက်စကီး ဗီလာမှထွက်ခွာခဲ့လျှင် ကာဒစ်တိုက်စစ်မှူးအား အစားထိုးခေါ်ယူမည်

အက်စ်တွန်ဗီလာတိုက်စစ်မှူး ဟက်စကီး ဇန်နဝါရီလ အပြောင်းအရွှေ့ရာသီတွင် အသင်းမှထွက်ခွာသွားခဲ့လျှင် ကာဒစ်တိုက်စစ်မှူး ဂျိုင်းဘိုရော့ဒ်အား ခေါ်ယူသွားမည်ဖြစ်ကြောင်း ၎င်းကလပ်က ထုတ်ဖော်ပြောကြားလိုက်သည်။

ပရီမီယာလိဂ် အကောင်းဆုံးအသင်း မန်ယူပြီးလျှင် ချယ်လ်ဆီးဖြစ်လာမည်

ပရီမီယာလိဂ်တွင် အကောင်းဆုံးအသင်းမှာ မန်ယူပြီးလျှင် ချယ်လ်ဆီးဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်က ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားအပြီး တွေ့ဆုံမေးမြန်းခန်းတစ်ရပ်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ကရင်မလင်ဖလားပြိုင်ပွဲ ဂျန်ကိုဗစ် အနိုင်ရရှိ

ဆားဘီးယားတင်းနစ်အားကစားမယ် ဂျန်ကိုဗစ်သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပလျက်ရှိသည့် ကရင်မလင်ဖလားပြိုင်ပွဲတွင် ကာဇက်စတန်မှ ရာဇီဒိုးဗားအား ၆-၄၊ ၅-၇၊ ၆-၁ဖြင့်နိုင်ပြီး ဒုတိယအကျော့ပြိုင်ပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဖောင်ပိတ်အားကစားသတင်း

ချန်ပီယံလိဂ်ပြိုင်ပွဲ မန်ယူအနိုင်ရ

မော်စကို အောက်တိုဘာ ၂၁

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များ အောက်တိုဘာ ၂၁ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက စီအက်စ်ကေအေမော်စကို အိမ်ကွင်း၌ ပွဲချိန် ၈၆မိနစ်တွင် ဗလင်စီယာ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် သုံးမှတ်ရရှိခဲ့သည်။ (အင်တာနက်)

နဝမအကြိမ်မြောက် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း(T.T.C) အာစရိယပူဇော်ပွဲ ကျင်းပခြင်းအား ဖိတ်ကြားခြင်း

၁၉၇၄ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ ပညာသင်နှစ်များတွင် (သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ)ပညာသင်ယူခဲ့သော တပည့်များမှ ပညာသင်ကြားပေးခဲ့သော သက်ရှိထင်ရှား ကျန်ရှိနေသေးသည့် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ရင်း မိတ်ဆုံစားပွဲကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါသည်။

နေ့ရက် - ၁၁-၁၁-၂၀၀၉ရက် (ဗုဒ္ဓဟူးနေ့) (အမျိုးသားအောင်ပွဲနေ့)
အချိန် - နံနက် ၉နာရီ
နေရာ - ပညာဗိမာန်ခန်းမ၊ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ပြည်လမ်း။

ကျောင်းသား ကျောင်းသူဟောင်းများ အားလုံးကိုယ်တိုင် လာရောက် ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အာစရိယပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီ။

မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

သမီးငယ် **မဆုရည်မွန်အောင်(ခ)မထက်ထက်မြင့်အောင်** အထက(၅) ကမာရွတ် Grade-10(B)၏ ၂၂-၁၀-၂၀၀၉ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ တတ်သိ၊ လိမ္မာ၊ ယဉ်ကျေး၊ ထူးချွန်ထက်မြက်သော သမီးကောင်း ရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ-ဗိုလ်မှူးကြီးဌေးမြင့်အောင်
မေမေ-ဒေါ်မြင့်မြင့်လွင်
မမ-မသီရိမြင့်အောင်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးထွေးရင်-(ဒေါ်ခင်နု) တို့၏ သားငယ်
ဗိုလ်မှူးထွန်းထွန်းဝင်း B.Sc (Bot)
နှင့်
ရန်ကုန်မြို့နေ ဦးသိန်းလှိုင်-ဒေါ်ခင်မေ တို့၏ သမီးငယ်
ဒေါက်တာလဲ့လဲ့စုလှိုင် (M.B.,B.S) Ygn;
တို့သည် ၂၁-၁၀-၂၀၀၉ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌ နှစ်ဖက်သော မိဘဆွေမျိုးများ၏ သဘောတူညီချက်အရ ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးထွန်းထွန်းဝင်း-ဒေါက်တာလဲ့လဲ့စုလှိုင်။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် မောင်ဝင်းကိုကို ၉/ခမစ(နိုင်)၀၀၁၁၇၀၏ ဇနီး မနှင်းမာလာစိုး ၉/မရတ(နိုင်) ၁၁၅၀၄၈ သည် လက်ထပ်ပြီးသည့်အချိန်မှစ၍ ယနေ့အထိ စိတ်သဘောချင်း မတိုက်ဆိုင်ခြင်း၊ ခွင့်မလွှတ်နိုင်သည့် အမှားများကို ကျူးလွန်ခြင်း၊ မင်္ဂလာခန်းဝင်လက်ဖွဲ့ပစ္စည်းများနှင့် လက်ထက်ပွားပစ္စည်းများအား ခွဲဝေယူဆောင်၍ မိမိဆန္ဒအလျောက် ပြန်မှုသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ပေါ်ပေါက်လာမည့် ကိစ္စအဝဝအတွက် တာဝန်ယူ ဖြေရှင်းမပေးပါ။

(စုံစမ်းမေးမြန်းနိုင်ပါသည်။)
မောင်ဝင်းကိုကို။

မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၆၂၃၇၃၊ JLM Dream 110 mk ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဟင်း မှတ်ပုံတင်အမှတ် ၁၃/ပလတ(နိုင်)၀၁၁၂၆၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး)၊ လှိုင်လင်မြို့။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မောင်ထွေး၏ နိုင်ငံကူးလက်မှတ် A-251329 မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း-၅၄၂၃၄၁။

မူးယစ်ကိုပစ် ပန်းတိုင်သစ်

သတင်းအချက်အလက်နှင့် နည်းပညာဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

အိုင်တီနည်းပညာကို စိတ်ဝင်စားပြီး အနာဂတ်တွင် အိုင်တီပညာရှင်ဖြစ်လိုသော လူငယ်များ အိုင်တီပညာရပ်နှင့် ပတ်သက်၍ ဗဟုသုတများရရှိစေရန်၊ ကောင်းမွန်သော အလုပ်အကိုင်အခွင့်အရေးရရှိနိုင်ရန်နှင့် မိမိ အမှန်တကယ် စိတ်ဝင်စားသော ဘာသာရပ်ကို မှန်ကန်စွာရွေးချယ်နိုင်ရန် ရည်ရွယ်၍ IT Professional & Education Discussion Forum ကို အောက်တိုဘာ ၂၄ရက်တွင် Park Royal Hotel ၌ နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သောကြောင့် စိတ်ဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်သည်။

အပြန်အလှန်ဆွေးနွေး

ဆွေးနွေးပွဲတွင် အိုင်တီနှင့် ပတ်သက်သော ပညာရေးလမ်းကြောင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းကို CROWN Education မှ ပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်း၊ မြန်မာနိုင်ငံ အိုင်တီပညာရှင်တစ်ဦးနှင့် စင်ကာပူ အမျိုးသားတက္ကသိုလ် (National University of Singapore)မှ ကွန်ပျူတာဘွဲ့လွန်ဒီပလိုမာရရှိပြီး စင်ကာပူတွင် အိုင်တီပညာရှင်အဖြစ် အလုပ်လုပ်ကိုင်နေသူတစ်ဦးတို့က ကျွမ်းကျင်သောအိုင်တီပညာရှင်တစ်ဦး အတွက် လိုအပ်သောကျွမ်းကျင်မှု လက်မှတ်များနှင့် အလုပ်အကိုင် အတွေ့အကြုံပေါင်းစပ်၍ အဆင့်ဆင့် တက်လှမ်းနိုင်မည့် ရာထူးအဆင့်ဆင့်များ၊ အိုင်တီနှင့်ပတ်သက်၍ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များနှင့် ဘွဲ့များရယူနိုင်မည့် လမ်းကြောင်းများ၊ အိုင်တီဘွဲ့ရများအနေဖြင့် ဘွဲ့လွန် (MBA)ကို ဘာသာရပ်နှစ်ခု ပူးတွဲရယူနိုင်မည့်အခွင့်အလမ်းနှင့်ပြည်တွင်း ပြည်ပရှိ အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို အပြန်အလှန် ဆွေးနွေးပေးမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် CROWN Education ဖုန်း-၂၁၁၈၈၈(လိုင်းခွဲ-၂၂၈-၂၂၉)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးချွန်သူတို့၏ အောင်မြင်ရေးနီတိများ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၁

စွန့်ဦးတီထွင်သူ ဟင်နရီဖို့ကဲ့သို့သော ထူးချွန်သူ၅၀၀ကျော်တို့၏ အောင်မြင်ရေး လမ်းညွှန်နီတိများအား မောင်မြင့်ကြွယ်နှင့် မောင်မောင်အေး(MMA)တို့မြန်မာပြန်သည့် ''ထူးချွန်သူ ၅၀၀တို့၏ ကိုယ်တွေ့ အောင်မြင်ရေးနီတိများ'' စာအုပ်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေကြောင်း သိရသည်။ (ဝဲပုံ)

ဘဝအောင်မြင်ရေးအတွက် စိုက်ထုတ်ရမည့် ဖွဲလုံ့လ၊ မွေးမြူရမည့် အကောင်းမြင်(ဝါ)အပြုစိတ်ထားနှင့် စိတ်ကောင်းစေတနာကောင်းတို့ကို ခေါင်းစဉ် ၆၃ခုအောက်တွင် မီးမောင်းထိုးပြထားသည်။ ယူနတီစာပေ အမှတ်၃၆ ဟသ်ာတလမ်း စမ်းချောင်း ဦးသန်းဆွေ ဖုန်း ၀၉-၅၁-၁၀၈၇၇ကထုတ်ဝေပြီး လက်လီဈေး ကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

မကြာမီကထုတ်ဝေခဲ့သည့် မောင်မြင့်ကြွယ်၏ ''ငွေတံခါးကြီး ဖွင့်ကြမယ်'' စာအုပ်ကိုလည်း ယူနတီစာပေကပင် ဆက်လက်ဖြန့်ချိလျက် ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော ချမ်းမြသာစည်ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၇ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CNOOC Myanmar Limited သည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-10 ၌ ရေနံရှာဖွေရေးတွင်းသုံးတွင်း တူးဖော်ခြင်းကို ရေနံတွင်းတူးစက် "Actinia"ဖြင့် ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တည်နေရာ

ရေနံတွင်းတူးစက် Actinia ဖြင့် တူးဖော်မည့် ရေနံတွင်းများ၏ တည်နေရာများမှာ ရွှေပြည်သစ်(၄) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၂မိနစ် (၅၆ဒသမ၃၄၉၅)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၈မိနစ်(၂၁ဒသမ၂၉၃၃)စက္ကန့်၊ ရွှေပြည်သစ်(၅) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀မိနစ် (၁၂ဒသမ၈၁၅၅) စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၃၂မိနစ် (၂၄ဒသမ၉၇၄၆)စက္ကန့်နှင့် ရွှေပြည်သစ်(၆) ရေနံတွင်း မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀မိနစ်(၂၉ဒသမ၂၉၆၁)စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၃၇မိနစ် (၁၁ဒသမ၈၀၅၂)စက္ကန့်တို့တွင် ဖြစ်သည်။

ကြေညာထား

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-10 ၌ ရေနံတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို ရေနံတွင်းတူးစက် Actinia ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင် ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင် စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဇီးဖြူပင် ကျေးလက်ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ၃၀ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့က ရှင်းလင်းတင်ပြစဉ်။ (တိုင်းစည်ပင်)

ရန်ကုန် စက်မှု/နည်းပညာတက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန် စက်မှု/နည်းပညာတက္ကသိုလ် (လျှပ်စစ်စွမ်းအား/အီလက်ထရွန်နစ်) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက် နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ MICT PARK (Functional Hall) ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို ယင်းနေ့ ညနေ ၆နာရီတွင် M3 ၌ကျင်းပမည်ဖြစ်ရာ ဦးအောင်နိုင်မြင့်နှင့် ဒေါ်ညိုညိုသက် ဖုန်း-၅၄၉၀၈၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အစီအစဉ်ဖြစ်မြောက်ရေးအတွက် ဆွေးနွေးပွဲကို အောက်တိုဘာ ၂၅ရက် နံနက် ၁၀နာရီတွင် M3ပိတောက်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် မျိုးဆွေ ဖုန်း-၀၉-၆၄-၆၃၂၈၇၊ အောင်နိုင်မြင့် ဖုန်း- ၀၉-၉၀-၃၀၂၅၃၊ ညီညီခိုင် ဖုန်း-၀၉-၅၅-၁၀၁၃၃၊ အယ်ခွန်းတောင် ဖုန်း-၀၉-၅၁-၃၅၃၆၅၊ မျိုးနိုင် ဖုန်း-၀၉-၅၀-၁၂၆၀၁၊ သီတာအေး ဖုန်း-၅၁၄၉၇၇၊ ခင်စန္ဒာထွန်း ဖုန်း-၀၉-၅၀-၀၀၇၃၅၊ မင်းထွန်း ဖုန်း-၀၉-၅၀-၁၂၁၅၄၊ အေးမင်းလှိုင် ဖုန်း-၀၉-၅၁-၇၁၅၁၇နှင့် ဇော်မင်းဦး ဖုန်း-၃၇၂၂၃၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဂျပန်နိုင်ငံ၌ စိုက်ပျိုးရေးလုပ်ငန်းများ လေ့လာ

ရန်ကုန် အောက်တိုဘာ ၂၁

ဂျပန်နိုင်ငံအစိုးရ၏ အစီအစဉ်အရ အစားအစာနှင့်စိုက်ပျိုးရေးကဏ္ဍ (Food & Agriculture Programe) လေ့လာရေးအစီအစဉ်တွင် အခြားသော အာဆီယံနိုင်ငံများနှင့်အတူ ပါဝင်လေ့လာရန် လယ်ယာစီးပွားသတင်းဂျာနယ်မှ အကြီးတန်းသတင်းထောက် ဒေါ်အိအိမြတ် (အိမ့်မှူးခင်)သည် အောက်တိုဘာ ၁၂ရက်ညက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ လယ်ယာစီးပွားသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်စိုး(မြတ်စိုးလှိုင်)နှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒေါ်အိအိမြတ်နှင့်အတူ အာဆီယံ ၁၀နိုင်ငံမှ စာနယ်ဇင်းကိုယ်စားလှယ်များသည် ဂျပန်နိုင်ငံ၏ ခေတ်မီအစားအသောက် ထုတ်လုပ်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောက်တိုဘာ ၁၃ရက်မှ ၂၃ရက်အထိ ၁၀ရက်ကြာ လေ့လာခွင့်ရရှိကြမည် ဖြစ်သည်။ (၁၇၃)

အထက်ပိုင်းဒေသများ၌ တိမ်ဖြစ်ထွန်းမည်

ရန်ကုန် အောက်တိုဘာ ၂၁

ယနေ့နံနက်၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မွန်ပြည်နယ်တွင်နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းတွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ ထိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

အောက်တိုဘာ ၂၂ရက်ညနေအထိခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ဧရာဝတီတိုင်း၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

စက်မှုလက်မှုသိပ္ပံ(ဂျီတီအိုင်) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ရက် နံနက်၉နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ရွှေကျင်ဓမ္မာရုံ (မန္တလေးတောင်ခြေ)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်

မန္တလေးသို့ လိုက်ပါပူဇော်လိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် နိုဝင်ဘာ ၆ရက် ညနေ၄နာရီ နောက်ဆုံးထား၍ ဦးခင်ဇေ(ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မော်လမြိုင် အထက(၃) အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

မော်လမြိုင်မြို့ အထက(၃) ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ကရဝိက်ခန်းမ၌ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာ ဆရာမများ ကြွရောက်ချီးမြှင့်ရန် ဖိတ်ကြားထားသည်။

ကျောင်းသူဟောင်းများ အလှူငွေများကို အထက(၃)မော်လမြိုင် ဖုန်း-၀၅၇-၂၇၀၆၈၊ဒေါ်ခင်မေချစ် ဖုန်း-၀၅၇-၂၆၄၄၉၊ဒေါ်ကျင်မြင့် ဖုန်း-၀၉-၈၇-၀၀၉၆၉၊ဒေါ်ခင်လေးမြင့်ကျောင်းအုပ် အထက(၂) စမ်းချောင်း ဖုန်း-၀၁-၅၃၅၄၉၇၊၀၉-၅၀-၈၉၅၅၀၊ ဒေါ်ခင်လေးရီ ဖုန်း-၀၁-၃၈၅၇၄၀၊၀၉-၅၁-၀၄၁၇၄၊ သန်းသန်းမူ ဖုန်း-၀၁-၂၂၀၉၃၈၊၀၉-၅၄-၀၀၈၅၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

တောင်ကုတ်မြို့နယ်၌ ဒီရေတောသစ်ပင် စုပေါင်းစိုက်ပျိုး

တောင်ကုတ် အောက်တိုဘာ ၂၀

တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဒီရေတော သစ်ပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို အောက်တိုဘာ ၁၈ရက် ညနေ ၃ နာရီက ခေါင်းလောင်းတူ ကျေးရွာအနီးရှိ မင်းလမ်းမော်၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်စိုးနှင့် ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့် ရေလုပ်သားများ တက်ရောက်ကြပြီး ပြာ၊ လမု၊ ဆား၊ ဗြူး၊ ကနစို စုစုပေါင်းအပင် ၃၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ပင်လုံမြို့ အမှတ် (၂)ရပ်ကွက် မြို့လယ်လမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၂ရက်က ပင်လုံစည်ပင်သာယာရေးအဖွဲ့မှ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးသောင်းထွန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြတ်ဆရာ ပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

၁၉၈၁-၁၉၈၄ပညာသင်နှစ်တိမွေးကု တက္ကသိုလ် ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၇ရက် ညနေ ၆ နာရီမှ ၈ နာရီအထိ M3 Food Center ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဒေါက်တာစံချစ် ဖုန်း- ၀၉-၅၀၁-၇၂၃၆၊ ဒေါက်တာမောင်မောင်ထွန်း ဖုန်း- ၀၉-၅၁၁-၂၆၁၅၊ ဒေါက်တာမိုးမိုးသန်း ဖုန်း- ၀၉-၅၀၀-၃၈၀၆၊ ဒေါက်တာစိုးထွန်း၊ ဒေါက်တာစိန်စိန်ကြီး ဖုန်း-၀၉-၅၁၅-၈၀၁၇၊ ဒေါက်တာအောင်သန့်နိုင်- ဒေါက်တာ ဌေးဌေး ဖုန်း- ၀၆၇-၃၈၁၁၄၊ ၂၁၆၁၀၊ ဒေါက်တာလှိုင်ဘွား ဖုန်း-၀၉-၆၈၀-၂၀၃၇နှင့် ဒေါက်တာစောလင်းချစ်- ဒေါက်တာ စန်းစန်းနွယ် ဖုန်း-၀၂-၇၂၁၀၇၊ ၂၂၃၃၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

လှိုင်ကော်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

လှိုင်ကော် အောက်တိုဘာ ၂၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး လှိုင်ကော်မှ ပြည်နယ်ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ်သည် စက်တင်ဘာ၂၈ရက်က အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း(လှိုင်ကော်)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိမှတ်စရာများကို ပရိုဂျက်တာဖြင့် ဟောပြောရာ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၆၀၀ တက်ရောက်ကြသည်။ အလားတူ ဟောပြောပွဲကို အောက်တိုဘာ ၁ရက်က အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

(ပြည်နယ် ကညန)

ဇဟန်းမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာဖွံ့ဖြိုးရေးအတွက် စာဖတ်ဝိုင်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အောက်တိုဘာ ၁၃ရက်က ငါးထပ်ကြီး အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် သီတင်းကျွတ် သက်ကြီးပူဇော်ပွဲ

ယုဝတီခင်ဦး

အိပ်ခန်းတစ်ခန်းလုံး စံပယ်နံ့တွေ ကြိုင်လှိုင်သွားသည်။ ကျွန်မသည် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ သီတင်းကျွတ် သက်ကြီးပူဇော်ပွဲမှ ပြန်လာခါစ အဝတ်အစားလဲနေချိန်ဖြစ်သည်။ တူမလေးနှယ်နီက "ကြီးမေ ဘယ်က ပြန်လာတာလဲ၊ ချိတ်လုံချည်လေးကလည်း ကြံရည်ရောင်လေးပါလား လှလိုက်တာ" ဟုပြောရင်း ကျွန်မအနီးသို့ ပြေးလာ ပွေ့ဖက်လိုက်ပါသည်။ "ကြီးမေက အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းရဲ့ သီတင်းကျွတ်သက်ကြီးပူဇော်ပွဲက ပြန်လာတာသမီးရဲ့။"

"ကြီးမေတို့စွမ်းဆောင်ရှင်အသင်းက အသက်ဘယ်နနှစ်ကစပြီး ကန်တော့တာလဲ ကြီးကြီးမေ"၊ "နှယ်နီရေ အသက် ၆၀ အထက်ကို ကန်တော့ခံပုဂ္ဂိုလ်အနေနဲ့ အသိအမှတ်ပြုတယ်လေ။" ကျွန်မသည် အဝတ်အစားလဲရင်း တူမလေးကို ပြန်ဖြေနေရသည်။ တူမလေးက နှုတ်ခမ်းလေးစူလျက်-

"ဟင်း... ကြီးမေရယ် အသက် ၆၀ဆိုတာ မကြီးသေးပါဘူး၊ ပြင်ပြင်ဆင်ဆင်နဲ့ ဝတ်စားလိုက်ရင် နုနယ်နေတုန်းပါပဲ။ သက်ကြီးရွယ်ကြီးမဖြစ်သေးပါဘူး"ဟု ခါးကလေးထောက်ပြီးပြောနေ၍ ရယ်မောရပါသည်။

"ဟုတ်တယ်လေ ကြီးကြီးမေ၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဆိုကတည်းက အသင်းဝင်တွေ ဖျတ်ဖျတ်လတ်လတ်နဲ့ ကိုယ်ရောစိတ်ရော ထက်မြက်ပြီးတော့ စီးပွားရေးတိုးတက်ကြီးပွားအောင် စွမ်းဆောင်နိုင်မှာပေါ့။ ခါးကုန်းကုန်း၊ ဆံပင်ဖြူဖြူနဲ့ အကြံဉာဏ်မထက်မြက်ဘဲ သတိမကောင်းတဲ့ အဘွားကြီးအရွယ်မှမဟုတ်တာ။" ကျွန်မသည် အဝတ်အစားလဲပြီး စံပယ်တွေဖွေးနေသော ခြံထဲသို့ တူမလေးကို လက်တွဲ၍ ထွက်လာခဲ့ပါသည်။

"သမီးပြောတာဟုတ်ပါတယ်။ အသက်ရှစ်ဆယ် တစ်ရာကျော်တွေလည်း သန်တုန်း၊ မြန်တုန်း၊ သတိကောင်းတုန်းပါ။ ဒါပေမယ့် မြန်မာဗုဒ္ဓဘာသာအစဉ်အလာအရ ကိုယ့်ထက်အသက်ကြီးတဲ့လူကို ငယ်တဲ့သူတွေက ပူဇော်ကန်တော့တာကို သက်ကြီးပူဇော်ပွဲလို့ခေါ်တာပါ သမီးရဲ့"ဟု ပြန်ပြောပြီး ခြံထဲတွင် သော်ကပန်းတွေ ဝေနေအောင်ပွင့်နေသော သစ်ပင်အရိပ်အောက်ရှိ ထိုင်ခုံတွင် ထိုင်လိုက်ကြပါသည်။

"ကြီးကြီးမေ စီးပွားရေးစွမ်းဆောင်ရှင်အသင်းကို နှယ်နီ စိတ်ဝင်စားတယ်။ အသင်းရဲ့ ရည်ရွယ်ချက်တွေ နှယ်နီသိအောင် ပြောပြပေးပါဦး။" ကျွန်မသည် ကျေနပ်စွာပြုံးလိုက်ပါသည်။ "ဒီမေးခွန်းကို ကြီးကြီးမေက မေးစေချင်နေတာ။ အသင်းရဲ့ အဓိက ရည်ရွယ်ချက်တွေကတော့- မြန်မာ့အမျိုးသမီးတွေရဲ့ စီးပွားရေးကဏ္ဍနဲ့ စွမ်းအားစုများ ကမ္ဘာပေါ်တွင် ပေါ်လွင်ထင်ရှားလာဖို့ရယ်၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးအချင်းချင်း ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ တိုးတက်ခေတ်မီတဲ့ စီးပွားရေးစီမံခန့်ခွဲမှု နည်းပညာတွေ၊ မြန်မာ့စီးပွားရေး အမျိုးသမီးထုအတွင်းမှာ ပြန့်ပွားအားပေးဆောင်ရွက်နိုင်ဖို့တွေ၊ ပြီးတော့ ပြည်တွင်းပြည်ပ အဖွဲ့အစည်း စီးပွားရေးပညာရှင်များ ဆက်သွယ်မှုတွေကို အားပေးဆောင်ရွက်နိုင်ဖို့တွေ အားလုံးပါတာပေါ့ သမီးရယ်။"

နှယ်နီသည် မျက်တောင်ကော့ကလေးကို တဖျတ်ဖျတ်ခတ်ရင်း စိတ်ပါဝင်စားစွာ နားထောင်နေပါသည်။ "နောက်ပြီးတော့ အသင်းအနေနဲ့ အသင်းဝင်အမျိုးသမီးတွေအားလုံးကို စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေနဲ့ နိုင်ငံတကာ အတွေ့အကြုံရရှိစေဖို့ ဆောင်ရွက်ပေးတယ်။ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ဘာတွေလုပ်ကြသလဲဆိုရင် ASEAN နိုင်ငံခြားစည်းဝေးပွဲတွေ တက်ရောက်တယ်။ ပညာသင်ဆုတွေရရှိတယ်။ အမျိုးသမီးတွေ လူမှုရေးမြင့်မားဖို့၊ အောက်ခြေမှာရှိတဲ့ အမျိုးသမီးတွေရဲ့ လူမှုဘဝတိုးတက်မြင့်မားဖို့ ငွေကြေးတွေ ချေးငှားခဲ့တယ်။ အထူးချေးငွေအနေနဲ့ အသေးစားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးခဲ့တယ်။ စိုက်ပျိုးရေးချေးငွေကို အသင်းရဲ့ စံပြကျေးရွာဖြစ်တဲ့ သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာမှာရှိတဲ့ လယ်သမား ၁၀ဦးအား ပဲတီစိမ်းစိုက်ပျိုးဖို့ မတည်ရေး ငွေကျပ်သိန်း ၆၀ထုတ်ပေးတယ်၊ အတိုးနှုန်းသက်သက်သာသာနဲ့ ထုတ်ပေးခဲ့တယ်။ ချေးငွေတွေလည်း ပြန်လည်ရရှိတဲ့အတွက် ဆက်လက်ထုတ်ပေးဖို့ စီစဉ်နေတယ်။"

"ကြီးမေတို့အသင်းက အလှူငွေတွေ လက်မခံဘူးလား။"

"အလှူငွေလည်း လက်ခံတယ်သမီးရယ်၊ ဘာသာရေး၊ သာသနာရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတွေအတွက်လည်း လှူဒါန်းခဲ့တယ်။ နောက်ပြီးတော့လည်း ပညာမတတ်တဲ့ အမျိုးသမီးတွေကို အသင်းအနေနဲ့ ပညာမီခင် အစီအစဉ်ကို ၂၀၀၅ခုနှစ်က စတင်ခဲ့တယ်။ ကရင်ဆိပ်စံပြကျေးရွာမှာ မူလတန်းပညာမသင်နိုင်တဲ့ အမျိုးသမီးတွေကို တာဝန်ယူခဲ့တာ သုံးနှစ်ပြည့်ပြီ။ ၂၀၀၇-၂၀၀၈ခုနှစ်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကျေးရွာ၊ အင်းလေးအထူးဒေသ ပေါက်ပါးကျေးရွာ၊ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်တွေမှာ မူလတန်းလွန် ၂၅ကျောင်းအပါအဝင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၇ဦးအား ပညာသင်ထောက်ပံ့ကြေးတွေ ပေးနိုင်ခဲ့တယ်။" သမီးနှယ်နီသည် သော်ကပန်းပွင့်များကို ဘုရားတင်ရန် ခူးဆွတ်နေပြီး "အဲဒီအစီအစဉ်က အခြားမြို့နယ်ကျေးရွာတွေကော ဆက်လက်လုပ်မှာလား ကြီးကြီးမေ။"

"အေး-ပညာ့မီခင်အဖွဲ့က ဖြူစင်တဲ့စေတနာနဲ့စာမတတ်သူပပျောက်ရေး အမျိုးသမီးငယ်တွေအတွက်ဆက်လက်လုပ်မှာပါ။"

နှယ်နီသည် ကြည်ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင်နှင့် "ကြီးမေရေ၊ ကြီးမေတို့ စီးပွားရေးစွမ်းဆောင်ရှင်အသင်းရဲ့ရည်ရွယ်ချက်တွေက သိပ်ကောင်းတာပဲနော်၊ အသင်းကြီးကို ဘယ်လိုစတင်တည်ထောင်ခဲ့တာလဲ"ဟု မေးရင်း ခြံထဲမှဇလပ်ပွင့်၊ နှင်းဆီပွင့်၊ စံပယ်ပွင့်တွေကို ထပ်ခူးကာ ဘုရားပန်းအိုးများ ရေလဲလှယ်ရန် ဘုရားခန်းဆောင်သို့ ဝင်လာခဲ့ကြပါသည်။

"ကြီးမေတို့ စွမ်းဆောင်ရှင်အသင်းကို ဘယ်လိုတည်ထောင်ခဲ့တာလဲ"ဟု စိတ်ပါဝင်စားစွာ ထပ်မေးနေပြန်ပါသည်။ ကျွန်မသည် ဘုရားပန်းအိုးများကို ဘုရားစင်ပေါ်တွင်တင်ပြီး "၁၉၉၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့မှာ မြန်မာအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် အသင်းကို တည်ထောင်ဖို့ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပြီး ၁၉၉၅ခုနှစ် ဖေဖော်ဝါရီလ ၁၉ရက်နေ့မှာ အသင်းအတွက် အသိအမှတ်ပြုတဲ့အခမ်းအနားကို International Business Center (I.B.C)အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံမှာ ကျင်းပခဲ့တယ်။"

"သိပ်ကောင်းတာပဲ ကြီးကြီးမေ၊ အသင်းမှာပါဝင်တဲ့ ကော်မတီတွေလည်း တော်တော်များမှာပဲနော်။"

"အေး-ဟုတ်တယ်၊ နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနဲ့ အမှုဆောင်တွေရော စာရင်းစစ်၊ အကြံပေးအတိုင်ပင်ခံ ပညာရှင်အဖွဲ့၊ ဆပ်ကော်မတီတွေကတော့ စည်းရုံးရေးနှင့်ဖွံ့ဖြိုးရေးကော်မတီ၊ လူမှုရေးကော်မတီ၊ စီးပွားရေးကော်မတီ၊ ပြည်တွင်းပြည်ပ ဆက်ဆံရေး ကော်မတီတွေဖြစ်တယ်။"

ကျွန်မသည် စံပယ်ပန်းများကို ပန်းကန်တွင်ထည့်လျက် ဘုရားစင်တွင် ကပ်လှူလိုက်ပြီး နှယ်နီကတော့ ခရမ်းရောင်သော်ကပန်းခက်များကို ပန်းအိုးတွင်ထိုးရင်း "ကြီးကြီးမေရေ၊ သမီးလည်း မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အသင်းကို ဝင်ချင်တယ်"ဟု ပြောပါသည်။

"တကယ်လား နှယ်နီ၊ သိပ်ဝမ်းသာစရာပါပဲ၊ သမီးလေးကို အသင်းဝင်အသစ်အနေနဲ့ ကြိုဆိုကြမှာပါ"ဟု ပြောရင်း ဘုရားပန်းများကို ကပ်လှူပူဇော်ခဲ့ကြပါတော့သည်။ ။

မြန်မာ့အမျိုးသမီးတွေရဲ့ စီးပွားရေးကဏ္ဍနဲ့ စွမ်းအားစုများ ကမ္ဘာပေါ်တွင် ပေါ်လွင်ထင်ရှားလာဖို့ရယ်၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးအချင်းချင်း ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ဖို့၊ တိုးတက်ခေတ်မီတဲ့ စီးပွားရေးစီမံခန့်ခွဲမှု နည်းပညာတွေ မြန်မာ့ စီးပွားရေး အမျိုးသမီးထုအတွင်းမှာ ပြန့်ပွားအားပေးဆောင်ရွက်နိုင်ဖို့တွေ၊ ပြီးတော့ ပြည်တွင်းပြည်ပ အဖွဲ့အစည်း စီးပွားရေး ပညာရှင်များ ဆက်သွယ်မှုတွေကို အားပေးဆောင်ရွက်နိုင်ဖို့တွေ အားလုံးပါတာပေါ့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

ရော်ဘာစိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်နေသော ကချင်ပြည်နယ်

ရန်ကုန် အောက်တိုဘာ ၂၁

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း ရော်ဘာနှစ်ရှည်ပင်များ စမ်းသပ်စိုက်ပျိုးခဲ့ရာမှ ယခုအခါဖြစ်ထွန်းအောင်မြင်နေပြီဖြစ်၍ ရော်ဘာစိုက်တောင်သူများ ဝင်ငွေစီးပွားတိုးတက်လျက်ရှိသည်။

ဖြစ်ထွန်းအောင်မြင်

ရော်ဘာသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။ ရေရှည်တွင် သားစဉ်မြေးဆက် ဝင်ငွေစီးပွားတိုးပွားနိုင်သည့် သီးနှံထုတ်ကုန်ဖြစ်သည်။ မိုးရွာသွန်းမှုများသော မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အဓိက စိုက်ပျိုးသည်။ ယခုအခါ မိုးရေချိန်များသော ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့အပါအဝင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းရာဒေသများ စမ်းသပ်စိုက်ပျိုးခဲ့ရာမှ ကချင်ပြည်နယ် မိုးညှင်းခရိုင်တွင် ရော်ဘာစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ●

သတင်းခရီးသည် - မြင့်မောင်စိုး
ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကိုင်းကျေးရွာအနီး အစေးထုတ်ယူနေပြီဖြစ်သော ရော်ဘာစိုက်ခင်းကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေကို စာမျက်နှာ(၅)တွင် ဖတ်ရှုနိုင်ပါသည်။

မြောက်ယမားရေလှောင်တမံ မိုးစပါးစိုက်ပျိုးရေး လယ်ကြားမြောင်း ဖောက်လုပ်

ပုလဲ အောက်တိုဘာ ၂၁

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၂၇နှင့် ၂၈ ရက်က မြောက်ယမားရေလှောင်တမံသို့ သွားရောက်၍ မြောက်ယမားရေလှောင်တမံ တိုးချဲ့ဆည်ရေသောက်စနစ်ဖြင့် မိုးစပါးဧက ၁၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် လယ်ကြားမြောင်းများဖောက်လုပ်မှု၊ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

မြောက်ယမားရေလှောင်တမံ တိုးချဲ့ဆည်ရေသောက်စနစ်ဖြင့် ပုလဲမြို့နယ်မှ ၈၄၄ ဧက၊ ယင်းမာပင်မြို့နယ်မှ ၁၅၆ဧက စုစုပေါင်းဧက ၁၀၀၀ တွင် မိုးစပါးစိုက်ပျိုးလျက်ရှိသည်။ *(မြို့နယ် ပြန်/ဆက်)*

22-10 (20).pmd 1 10/21/2009, 3:10 PM